# ကြေးမုံ
# The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (12-3-2007) (၅၂၅၉)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





**စစ်ဆေး**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ဖော်ကနားချောင်း ရေလှောင်တမံ တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)ဖောက်လုပ်မှု ကြည့်ရှု လမ်းကို ရာသီမရွေးသွားလာနိုင်ရန် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရေး မှာကြား စိုက်ပျိုးရေ ရရှိရေးအတွက် ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို စစ်ဆေး

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း ဝမ်းတွင်းမြို့အဝင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ *





**ကြည့်ရှု**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ကဘင်းရေလှောင်တမံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ခြောက်သွေ့ရာသီတွင် လုပ်ငန်းများအရှိန်မြှင့်ဆောင်ရွက်ရန် မှာကြား

**နေပြည်တော် မတ် ၁၁**

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီတွင် မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ သွားရောက်ပြီး မြိတ်မြို့သစ်ဖော်ထုတ်ရေး ဗဟိုဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များအား တွေ့ဆုံ၍ မြိတ်မြို့သစ် စီမံကိန်းလုပ်ငန်းများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❀

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၁၂-၃-၂၀၀၇
(တနင်္လာနေ့)

## နိုင်ငံတော်ကာကွယ်ရေးတာဝန် ရှုပ်ရှုပ်ချုံချုံထမ်းဆောင်

တပ်မတော်သည် အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှုဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ စတင်သန္ဓေတည်ပေါက်ဖွားလာခဲ့ပြီး ပြည်သူလူထုနှင့် လက်တွဲ၍ လွတ်လပ်ရေးကို ရအောင်ဆောင်ကြဉ်းပေးခဲ့သော တပ်မတော်အဖြစ် သမိုင်းတွင် ကမ္ပည်းတင်နိုင်ခဲ့သည်။

အမျိုးသားနိုင်ငံရေးရည်မှန်းချက်ဖြင့် ကြိုးပမ်းတည်ထောင်ခဲ့သည့် တပ်မတော်တွင် လူငယ်၊ လူရွယ် အမြောက်အမြားပါဝင်ခဲ့ကြသည်။ အမျိုးဘာသာ၊ သာသနာအတွက် အသက်ကို စွန့်လှူရန် အဓိဋ္ဌာန်ပြုပြီး စုစည်းမိခဲ့ကြသည်။ အမျိုးသားရေးကို အသက်နှင့်လဲ၍ အစဉ်ကာကွယ်စောင့်ရှောက်ခဲ့ကြသည့်အတွက် မျိုးချစ် တပ်မတော်ဟူသည့် အစဉ်အလာကို ရရှိခဲ့သည်။

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သကဲ့သို့ တပ်မတော်၏ မဏ္ဍိုင်လည်းဖြစ်သည်။ ထို့ကြောင့် စည်းကမ်းကောင်းသော တပ်မတော်ကို တိုင်းရင်းသားပြည်သူအားလုံးက လေးစားချစ်ခင်ခဲ့ကြသည်။ ယင်းသို့သော အစဉ်အလာကောင်းများကို စစ်သည်အားလုံးက ဆက်လက်ထိန်းသိမ်းလိုက်နာလျက်ရှိသည်။

တပ်မတော်၏ အစဉ်အလာကိုကြည့်လျှင် မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားတတ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားခြင်း၊ စိတ်ဓာတ်မြင့်မားခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း၊ ခွဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်ခြင်းဟူသည့် အစဉ်အလာကောင်း(၁၂)ရပ်နှင့် ပြည့်စုံသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့အပြင် တပ်မတော်သားများသည် အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်စုံကြသည်။ ယင်းသို့ အရည်အချင်းများဖြင့် ပြည့်ဝနေသော တပ်မတော်သည် နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုပိုင်နက်တို့ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာ့တပ်မတော်သည် ကောင်းမြတ်သော တပ်မတော်၏ အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်၏ ကာကွယ်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေး တာဝန်များကို ခွဲ၊ လုံ့လ၊ ဝီရိယစွမ်းအားဖြင့် ရှုပ်ရှုပ်ချုံချုံ ဆက်လက်ထမ်းဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။



ရှမ်းပြည်နယ်အင်းလေးဒေသမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ညောင်ရွှေမြို့နယ် မိုင်းသောက် ပထမကျောင်းစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသအား ရန်ကုန်ရောက် အင်းသူ၊ အင်းသားများက ဂုဏ်ပူဇော်သဘင်ကို မတ် ၄ ရက်က ရွှေတိဂုံဘုရားလမ်းရှိ အင်းလေးဓမ္မာရုံ၌ ကျင်းပရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့် ပင့်သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်စဉ်။ (က-ပ)

## ဘဒ္ဒန္တ သေဋ္ဌိလအား ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့ ပစ္ဆိမာရုံဘုရားကြီးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလ (သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဒီဃဘာဏက)အား "အဂ္ဂမဟာပဏ္ဍိတ" ဂုဏ်ဝိသိဋ္ဌပူဇာ ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၄ ရက်နှင့် ၅ ရက်တွင် "ယဉ်လင်းမြင့်အောင်" ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဦးကံညွန့် ကုန်သည်လမ်း ဇီးကုန်းမြို့ ဖုန်း ၀၅၃-၃၄၀၅၄၊ ဦးခင်လှိုင်၊ မြို့ပတ်လမ်း ဇီးကုန်းမြို့၊ ဦးလှဌေး-ဒေါ်ရင်ရင်ကြူ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၄၀၆၉၄၊ ၀၉ ၅၁ ၃၂၇၁၄၊ ပူဇော်ပွဲကျင်းပရေးကော်မတီရုံး ဖုန်း၀၅၃-၃၄၀၉၄၊ ဦးမြင့်အောင် ပန်းဖြူစတိုး ကုန်သည်လမ်း ဇီးကုန်းမြို့ ဖုန်း-၀၅၃-၃၄၀၄၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူ့
သဘောထား

## ပဲခူးတိုင်း(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ယင်လုံအိမ်သာခွက်များနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၁

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ သီရိပဟံသာခန်းမ၌ ပဲခူးတိုင်း(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ယင်လုံအိမ်သာခွက်များနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ပစ္စည်းများ လှူဒါန်းရခြင်းနှင့် အသင်းအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ကူညီပံ့ပိုးသော ယင်လုံအိမ်သာခွက် ၁၀၀ ကို ပဲခူးတိုင်း(အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်မြက ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာဌေးအောင်သို့လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက မူကြိုကျောင်းသုံးစာကြည့်တိုက်သေတ္တာနှင့် စာအုပ်များကို ပဲခူးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စန်းသို့လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့သည် ဟင်္သာကုန်း မူလတန်းကြိုကျောင်းသို့ရောက်ရှိပြီး မူကြိုကလေးငယ်များ၏ လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကာ မုန့်နှင့် ကစားစရာအရုပ်များပေးအပ်၍ကလေးများအား အာဟာရတိုက်ကျွေးနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့သည် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးခန်းမ၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဒေသခံ အရန်သားဖွားဆရာမသင်တန်းဆင်းပွဲ အခမ်းအနားသို့တက်ရောက်ကာ ထူးချွန်သင်တန်းသူများအား ဆုများပေးအပ်ခြင်း၊ သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်းနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က ပဲခူးတိုင်း(အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တွင် အသုံးပြုရန် Clean Delivery Kit အတွက် ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကိုယ်ဝန်ဆောင် မိခင်များနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ ကျန်းမာရေး အသိပညာပေးကာ ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး သားဖွားခန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် ဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် သီရိပဟံသာခန်းမ၌ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံများနှင့်တွေ့ဆုံကာ စကားဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ကူညီပံ့ပိုးသော ယင်လုံအိမ်သာခွက် ၁၀၀ ကို ပဲခူးတိုင်း(အရှေ့ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်ထံ ပေးအပ်လှူဒါန်းစဉ်။ (မိခင်/ကလေး)

## Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

နေပြည်တော် မတ် ၁၁

**Topcon South Asia Pte,Ltd နှင့် Concordia International Co.,Ltd.တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်နိုင်ငံမှ ထုတ်လုပ်သည့် နည်းပညာအရည်အသွေးမြင့် Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ (Surveying Instruments)နှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပွဲကို မတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းရှိ မေခန်းမ၌ကျင်းပရာ Concordia International Co., Ltd မှ အရောင်းမန်နေဂျာ ဦးညီညီမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။**

ဆက်လက်၍ တက်ရောက်လာကြသူများက နည်းပညာအရည်အသွေးမြင့် Topcon Surveying Instruments များကိုလှည့်လည်ကြည့်ရှုပြီး မေးမြန်းချက်များကိုတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

**စီစဉ်ထား**

Topcon Imaging Total Station GPT-7000i စက်၏ အားသာချက်မှာ ရိုးရိုး Total Station များတွင် မပါရှိသော CCTV Camera ပါရှိခြင်းကြောင့် မိမိတိုင်းတာခဲ့သော အမှတ်များကို တိုင်းတာမှုပြုလုပ်နေစဉ် အတွင်း စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ကွန်တိုမျဉ်းများကို လျင်မြန်စွာ ရေးဆွဲနိုင်ခြင်း၊ အရာဝတ္ထုများ၏ပုံသဏ္ဍာန်၊ ထုထည်များကို 3D Viewဖြင့် ပုံဖော်ကြည့်ရှုနိုင်သည့်အပြင် အချိန်ကုန်သက်သာပြီး ပိုမိုတိကျသော တိုင်းတာမှုအဖြေများကို ရရှိနိုင်ကာ အသုံးပြုသူများ စိတ်ကျေနပ်မှုရရှိစေရန် ထိရောက်မြန်ဆန်သော ထောက်ပံ့မှုများနှင့် ပစ္စည်းဝယ်ယူပြီး နောက်ပိုင်းတွင်လည်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

Topcon အမှတ်တံဆိပ်မြေတိုင်းပစ္စည်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်လိုပါက ပျဉ်းမနားမြို့ ဖုန်း- ၀၆၇-၂၁၆၇၅ နှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ရွှေဂုံပလာဇာ ဖုန်း-၀၉-၅၀၀၅၉၁၂၊ ၀၁-၅၄၄၁၉၉၊ ၅၄၄၈၂၄၊ ၅၅၈၃၈၆ နှင့် ၅၅၈၄၃၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**Topcon South Asia Pte, Ltd မှ Regional Support Engineer, Mr. Micheal Goh က Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)





# ဘက်စုံတိုးတက်နေသော ကလေးမြို့

ဌေးလွင် ( ဆားလင်းကြီး )

မကြာမီက ကလေးမြို့သို့ခရီးတစ်ထောက်ရောက်ခဲ့သည်။ ကလေးမြို့သည် ပထဝီအနေအထားအားဖြင့် မြန်မာပြည်မြေပုံတွင် အနောက်မြောက် ယွန်းယွန်း အစွန်ဆုံးနေရာ ချင်းတောင်တန်းအစပ်မှာ တည်ရှိသည်။ မြန်မာနိုင်ငံ၏အစွန်း၌ တည်ရှိသောကလေးမြို့သည် ရှေးဟောင်းမြို့တော် တစ်မြို့ဟုဆိုရပေမည်။

**"စာ-ကို ရေး-ကလေးတည်"** သမိုင်းအဆိုအရ ကောဇာသက္ကရာဇ် ၃၂၈ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက် တနင်္ဂနွေနေ့ နေတက်(၂၂) ဖဝါးအချိန်တွင် ပထမဆုံး ကလေးမြို့ကို တည်ခဲ့သည်။ ထိုအဆိုအရ ကလေးမြို့၏ သမိုင်းသက်တမ်းသည် နှစ်ပေါင်း ၁၀၄၀ ပြည့်ခဲ့လေပြီ။ ပုဂံခေတ် ကွမ်းဆော်ကြောင်ဖြူမင်းလက်ထက်က စတင်တည်ထောင်ခဲ့သည်။ အုတ်မြို့ရိုးဟောင်းနှင့် ကျုံးနေရာကို ယနေ့တိုင် တွေ့နိုင်သေးသည်။ သို့သော် ကလေးမြို့ကား သမိုင်းသက်တမ်း တစ်ဆက်တည်း တည်နေခဲ့သည် မဟုတ်ပေ။

**သက္ကရာဇ် ၉၉၉ ခုနှစ်တွင် ဒုတိယ**

**သက္ကရာဇ် ၁၁၂၃ ခုနှစ်တွင် တတိယ**

**သက္ကရာဇ် ၁၂၅၁ ခုနှစ်တွင် စတုတ္ထအကြိမ်**

ကလေးမြို့ကို တည်ခဲ့သည်ဟု ကလေးမြို့သမိုင်းတွင် ဆိုထားသည်။ ၁၂၅၁ ခုနှစ် ကိုလိုနီနယ်ချဲ့ခေတ်တွင် တည်ခဲ့သော ကလေးမြို့ကား ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တို့ ဗုံးကြဲချသဖြင့် လေးတိုင်စင်လေးမျှပင်မကျန်တော့ပေ။ ကြဲချခဲ့သော ဗုံးများမှာ ကလေးမြို့ လူဦးရေထက်ပင် ပိုပေလိမ့်မည်ဟု ဆရာတော်အရှင်ပဒုမက ကလေးမြို့ သမိုင်းတွင် ရေးသားထားသည်။ ယခု ကလေးမြို့ကား ဒုတိယကမ္ဘာစစ်ပြီးမှ ထူထောင်ခဲ့ရသော ကလေးမြို့သစ်ပင် ဖြစ်သည်။

**လွန်ခဲ့သော အနှစ် ၂၀ ကျော်က ကလေးမြို့သို့ ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်က ကလေးမြို့မြင်ကွင်းနှင့် ယခုမြင်ကွင်းမှာ နှိုင်းယှဉ်မရအောင် ကွာခြားနေပါသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည်ဟု ဆိုရပါမည်။ စေတီ၊ တန်ဆောင်း၊ ဘုန်းတော်ကြီးကျောင်းစသော သာသနိကအဆောက်အအုံများကလည်း တိုးတက်နေသည်။ မဟာဝိသုဒ္ဓါရုံ၊ သန္တာရုံ၊ တောင်ဖီလာ၊ တပ်ဦးစသော ပရိယတ္တိစာသင်တိုက်များတွင် ပရိယတ္တိစာပေများ ပို့ချပေးသဖြင့် သံဃာတော်များ၏ သင်္ကန်းရောင်များဖြင့် ထွန်းပြောင်နေသည်။ ဘာသာရေးစုံသောမြို့ဖြစ်ရာ ဗုဒ္ဓသာသနာ ထွန်းကားသဖြင့် ဝမ်းမြောက်ကြည်နူးမိပါသည်။ မြို့ပြအနေအထားမှာလည်း လမ်းများ၊ ဈေးတိုက်တန်းများ၊ လူနေတိုက်တာအိမ်များ စည်ကားတိုးတက်နေ၍ ခေတ်မီတိုးတက်နေသော ကလေးမြို့ဟု ဆိုရပါမည်။**

ထို့ထက် ဝမ်းမြောက်ဖွယ်ရာ တိုးတက်နေသော မြင်ကွင်းတစ်ရပ်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသဖြင့် ဝမ်းမြောက် ကြည်နူးမိပါသည်။ ညောင်ပင်သာရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးတည်ရှိရာ နေသာကျောင်းတိုက်သို့ ရောက်ခဲ့ပါသည်။

ကျောင်းတိုက်အတွင်းသို့ ရောက်လျှင် စနစ်တကျ ညီညာစီတန်းထားသော ဆိုင်ကယ်များ၊ စက်ဘီးများကို တွေ့ရသည်။ ကျောင်းမှာ အစည်းအဝေးများ ရှိလေသလားဟု ထင်မှတ်သွားသည်။ မဟုတ်ပါချေ။

ဆရာက သင်ကြားပို့ချ၍ ကျောင်းသား၊ ကျောင်းသူများ သံပြိုင်လိုက်ဆိုနေသော စာသင်ခန်းမှအသံက လွှမ်းတက်လာသည်။ ဘုန်းတော်ကြီးသင်မူလတန်းကျောင်း မဟုတ်ပေ။ နေသာ ပညာဒါန သင်တန်းကျောင်း အမည်ဖြင့် ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်း ကျောင်းသား၊ ကျောင်းသူများအား ပညာဒါနပေးလှူနေခြင်းဖြစ်သည်။ ပညာဒါန သင်တန်း ကျောင်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်ကို သင်တန်းမှူး ဆရာတော် ဦးဓမ္မိက အရှင်မြတ်က -

**"ကျူရှင်ဘော်ဒါ မတက်နိုင်ဘဲ ပညာလိုလားတဲ့ ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများကို စည်းကမ်းရှိရှိ စနစ်တကျ ပညာသင်ပေးရန် ဖွင့်လှစ်ခဲ့ပါတယ်။ ပညာသင်ကြားပေးရင်း ဘာသာရေးယဉ်ကျေးမှု၊ ဘာသာရေးအသိဉာဏ်၊ အလိမ္မာအမြော်ပေးနိုင်ရန် ဖြစ်ပါတယ်။ ပညာသင်ကြားပေးရာမှာတော့ ဘာသာမရွေး သင်ကြားခွင့် ပေးထားပါတယ်။ ၁၉၉၆-၁၉၉၇ ခုနှစ် ပညာသင်နှစ်မှစ၍ အခလွတ်စေတနာရှင် ဆရာ၊ ဆရာမများနှင့် တည်ထောင်ဖွင့်လှစ်ပြီး ပညာဒါနဖြန့်ဝေခြင်း ဖြစ်ပါတယ်"**

ဟုရှင်းပြသည်။

နေရာအခက်အခဲကြောင့်ဝင်ခွင့်ဖြေဆိုခိုင်းပြီး ဦးရေကန့်သတ် လက်ခံသည်။ **"ကုန်ကြမ်းသန့်မှ ကုန်ချောကောင်းမည်"** ဟူသောယုံကြည်ချက်ဖြင့်လက်ခံမည်ဟု ပြောပြသည်။ နေသာ ပညာဒါန သင်တန်းမှ စာသင်နှစ် ၁၀ နှစ်အတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်သူပေါင်း ၁၂၆၅ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။

ဆေးတက္ကသိုလ် ၁၀ ဦး၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ရေကြောင်းပညာသိပ္ပံနှင့်တက္ကသိုလ်၊ စစ်တက္ကသိုလ်၊ ပညာရေးကောလိပ်နှင့် တက္ကသိုလ်၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များသို့ ရောက်ရှိသင်ကြားနိုင်အောင် စေတနာမေတ္တာဖြင့် ပို့ဆောင်ပေးနိုင်ခဲ့သည်။

၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့်ဦးရေ ၁၃၇ ဦး၊ နဝမတန်း ၁၄၀၊ အဋ္ဌမတန်း ၁၅၀ ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ အရည်အသွေးတိုးတက်စေရန် စာမေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိသည်။ **"သင်ကြား၊ လေ့ကျင့်၊ စည်းကမ်း"** ဟူသောမူဖြင့် အားသွန်ခွန်စိုက် ပညာဒါနပေးလှူလျက်ရှိသည်။ ထို့ကြောင့်ပင် ပညာသင်နှစ်အလိုက် အောင်ချက်ပြဇယားမှာ အားရဖွယ်ကောင်းလှပါသည်။

**ပညာသင်နှစ်အလိုက် အောင်ချက်ပြဇယား**

| စဉ် | ပညာသင်နှစ် | ဖြေဆိုသူပေါင်း | အောင်မြင်သူပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ၁၉၉၆-၁၉၉၇ | ၁၇၀ | ၁၁၀ | ၆၅ |
| ၂ | ၁၉၉၇-၁၉၉၈ | ၁၇၀ | ၁၂၁ | ၇၀ |
| ၃ | ၁၉၉၈-၁၉၉၉ | ၁၇၀ | ၁၅၀ | ၈၅ |
| ၄ | ၁၉၉၉-၂၀၀၀ | ၂၃၈ | ၁၉၅ | ၈၁ |
| ၅ | ၂၀၀၀-၂၀၀၁ | ၁၆၁ | ၁၅၈ | ၉၈ |
| ၆ | ၂၀၀၁-၂၀၀၂ | ၁၄၆ | ၁၀၄ | ၇၁ |
| ၇ | ၂၀၀၂-၂၀၀၃ | ၁၁၇ | ၈၂ | ၇၀ |
| ၈ | ၂၀၀၃-၂၀၀၄ | ၁၂၈ | ၁၁၂ | ၈၇ |
| ၉ | ၂၀၀၄-၂၀၀၅ | ၁၂၂ | ၁၀၆ | ၈၆ |
| ၁၀ | ၂၀၀၅-၂၀၀၆ | ၁၄၀ | ၁၂၇ | ၉၁ |

ဤအောင်ချက်ပြဇယားကိုကြည့်ပါက နေသာပညာဒါန သင်တန်းသည် အားရဖွယ်ကောင်းအောင် အောင်မြင်လျက်ရှိပါသည်။ ဆရာတော် ဦးဓမ္မိကသည် ကိုယ်တိုင် (B.A) ဘွဲ့ရအောင် သင်ယူပြီး ပညာဒါနသင်တန်းကို ဦးစီးဖွင့်လှစ်ခဲ့ပါသည်။ခေတ်မီတိုးတက်သော သာသနာပြုလုပ်ငန်းဟု ဆိုရပါမည်။ ဤသို့ ပညာဒါန သင်တန်းကျောင်းများ ထပ်မံပေါ်ပေါက်လာပါက ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူ ပိုမိုရရှိမည်ဖြစ်ပါသည်။

နေသာကျောင်းတိုက်သည် ပညာဒါနကိုသာ ပေးလှူနေသည် မဟုတ်ပေ။ ကျန်းမာရေးအတွက် ဆေးရုံတက်၍ သွေးလိုနေသူများအတွက်လည်း **"သစ္စာဇီဝိတဒါန"** သွေးလှူရှင်အသင်းကိုလည်း ဖွဲ့စည်းထားသည်။ နာရေးကိစ္စအတွက်လည်း **"ကာယကံမေတ္တာ"** အမည်ဖြင့် အခလွတ်နာရေးယာဉ်ဝန်ဆောင်မှုအသင်းကို ဖွဲ့စည်းတည်ထောင်ထားသည်။ လူသားတိုင်းအတွက် လိုအပ်သော အလှူဒါနများကိုတွေ့မြင်ခဲ့ရသဖြင့် ဘက်စုံတိုးတက်နေသော ကလေးမြို့ဟု ဂုဏ်ပြုအပ်ပါသတည်း။ ။

လွန်ခဲ့သော အနှစ် ၂၀ ကျော်က ကလေးမြို့သို့ ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်က ကလေးမြို့မြင်ကွင်းနှင့် ယခုမြင်ကွင်းမှာ နှိုင်းယှဉ်မရအောင် ကွာခြားနေပါသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည်ဟု ဆိုရပါမည်။ စေတီ၊ တန်ဆောင်း၊ ဘုန်းတော်ကြီးကျောင်းစသော သာသနိက အဆောက်အအုံများကလည်း တိုးတက်နေသည်။

## ရွှေနိုင်ငံ ဂျာနယ် အတွဲ(၅)၊ အမှတ်(၂၀) ဖြန့်ချိ

**ရန်ကုန် မတ် ၁၁**

ရွှေနိုင်ငံ ဂျာနယ်အတွဲ(၅)၊ အမှတ်(၂၀)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ ဂျာနယ်တွင် ဆောင်းပါးများအပြင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပြည့်ဝရေး လက်တစ်ကမ်း၊ ထမံသီနှင့်သံလွင်တာဆန်း ကြီးမားသည့် ရေအားလျှပ်စစ် စီမံကိန်းကြီးများမှာ စိတ်ကူးယဉ်အိပ်မက် မဟုတ်၊ ကျိုင်းတောင်း၊ ရွှေလီ၊ ကြီးအုံ ကြီးဝ စသည့် စီမံကိန်းများလည်း မကြာမီပြီးစီးတော့မည်၊ စစ်တောင်းမြစ်ဝှမ်း၌ လျှပ်စစ်စီမံကိန်း ၁၃ခုရှိ၍ ရဲနွယ်၊ ပေါင်းလောင်းနှင့်ဇောင်းတူစီမံကိန်း သုံးခုပြီးစီး၊ ရှားပါးငါးမျိုး ငါးတီးနှင့် ရေပုတ်သင်ကို မျိုးထိန်း၊ ပြည်ပ ဈေးကွက်ကြိုက် ငါးရျောင်းနှင့် လူကြိုက်များသည့် ငါးကျည်းအလားအလာ၊ ပင်လယ်ကူး သင်္ဘောသားနှင့် ဟိုတယ်ဝန်ထမ်း နည်းပညာအခမဲ့သင်တန်းဖွင့်မည်၊ ခြံစည်းရိုး ကြက်ဆူပင် (၆)နှစ်အတွင်း ဧကရှစ်သန်းစိုက်မည်၊ ကုမ္ပဏီအချို့က ပြည်ပတင်ပို့ရန်အထိမျှော်မှန်း၊ မွေးမြူရေးအသင်းကွန်ရက်များ ချိတ်ဆက်လှုပ်ရှား၊ မြန်မာ့ခရီးသွားလုပ်ငန်း၊ မြင်းခြံစက်မှုဇုန်နှင့် မော်တော်ယာဉ်ထုတ်လုပ်မှု၊ သမ္မတ ချာဗက်စ်အား ကွန်ဂရက်မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ အထူးအာဏာတစ်ရပ်အပ်နှင်းခြင်း၊ ဘုန်းတော်ကြီး အယ်လ်ဆတ်အ် အီရန်သို့ထွက်ခွာ၊ အာဖရိက၌ တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများ ကောင်းသည့်လက္ခဏာရှိဟု ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ် ဥက္ကဋ္ဌက ပြောကြား၊ ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားအရေးဖုန်းဖြင့် ဆွေးနွေးစသည့် ပြည်တွင်းပြည်ပ သတင်းဓာတ်ပုံ ဝေဝေဆာဆာပါရှိသည်။

ရွှေနိုင်ငံဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ မန္တလေး ထွန်းဦးစာပေ၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ မောင်မူစာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်တို့ ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ စာမူများကိုဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၂-၃-၂၀၀၇ (တနင်္လာနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်

**၇:၀၅** ၂။ အဖွင့်သီချင်း

**၇:၁၀** ၃။ မျိုးချစ်တပ်မတော်

**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း

**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်

**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်

**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး

**၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း

**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား

**၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်

**၄:၀၅** ၂။ အဖွင့်သီချင်း

**၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**၄:၂၅** ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်

**၄:၃၀** ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း

**၄:၅၀** ၆။ မျိုးချစ်တပ်မတော်

**၅:၁၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်

**၅:၃၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး

**၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း

**၆:၁၀** ၁၀။ နိုင်ငံတကာသတင်း

**၆:၂၀** ၁၁။ မိုးလေဝသသတင်း

**၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**၆:၃၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်

**၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း-၁၇)**

**၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း

၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

၁၇။ မေးမြန်းစူးစမ်း

၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်

၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" အပိုင်း(၁၁)**

၂၀။ သင့်အတွက်မနက်ဖြန်

၂၁။ အပိတ်နှုတ်ဆက်စကား

၂၂။ ပြီးပါပြီ။

# တရုတ်နိုင်ငံရှိ ဒုတိယအကြီးဆုံး ရှန်ဂလီရေနံမြေမှ ရေနံတန်ချိန် ၂ ဒသမ ၂၅သန်းထုတ်ယူရန်လျာထား

ပေကျင်း မတ် ၁၁

**တရုတ်နိုင်ငံရှိ ဒုတိယအကြီးဆုံး ကမ်းလွန်ရေနံမြေဖြစ်သော ရှန်ဂလီရေနံမြေမှ ယခုနှစ်တွင် ရေနံတန်ချိန် ၂ ဒသမ ၂၅သန်း ထုတ်ယူရန်လျာထားကြောင်း၊ လွန်ခဲ့သည့်နှစ်ကထက် တန်ချိန် ၉၂၀၀၀ ပိုမိုထုတ်လုပ်မည်ဖြစ်ကြောင်း တနင်္ဂနွေနေ့ ဆင်ဟွာသတင်းတွင်ဖော်ပြသည်။**

တရုတ်ရေနံနှင့် ဓာတုဗေဒ ကော်ပိုရေးရှင်း (ဆိုင်နိုပက်)က ထိန်းချုပ်ထားသော အဆိုပါ ရေနံမြေသည် တရုတ်နိုင်ငံအရှေ့ပိုင်းရှန်တုန်ပြည်နယ်ကမ်းရိုးတန်း ကမ်းလွန်ဘိုဟိုင်း ဧရိယာတွင် တည်ရှိသည်။

**ကြိုးပမ်း**

ဆိုင်နိုပက်သည် ကုန်းတွင်းရေနံမြေများမှ ရေနံထုတ်လုပ်နိုင်မှု ကျဆင်းလာခြင်းကြောင့် ကမ်းလွန်ရေနံမြေများမှ ရေနံပိုမိုထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကမ်းလွန်ရေနံမြေများမှ ရေနံထုတ်လုပ်မှု မည်မျှရှိသည်ကိုမူ မသိရှိရပေ။

ရှန်ဂလီရေနံမြေ၏ ရေနံသိုက်တွင် ရေနံတန်ချိန် ၁ ဒသမ ၂ ဘီလီယံရှိသည်ဟု ခန့်မှန်းရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဟယ်ရီပေါ်တာ စာအုပ်ရေးသားသူ ကမ္ဘာ့အချမ်းသာဆုံး ဘီလျံနာများစာရင်းတွင်ပါဝင်

**လန်ဒန် မတ် ၁၀**

ကမ္ဘာ့အချမ်းသာဆုံး ဘီလျံနာများ စာရင်းကို ဖိုးဘီးစ်အဖွဲ့က မကြာသေးမီက ထုတ်ပြန်ခဲ့ရာ နာမည်ကြီး ဟယ်ရီပေါ်တာ စာအုပ်များရေးသားသူ ဂျေကေရောင်လင်းသည် ထိုစာရင်းတွင် ဖော်ပြခြင်းခံရသည်။

သူမသည် ဗြိတိန်နိုင်ငံ၏ တစ်ဦးတည်းသော အမျိုးသမီး ဘီလျံနာစာရင်းဝင်ဖြစ်သည်။ ၎င်းရေးသားသည့် သိပ္ပံမှော်အစွမ်းရှင် ဟယ်ရီပေါ်တာ စာအုပ်များနှင့် ရုပ်ရှင်တို့ကြောင့် အချမ်းသာဆုံး စာရင်းဝင်ဖြစ်လာရသည်ဟု ဆိုသည်။

ပထမ အချမ်းသာဆုံးပုဂ္ဂိုလ်မှာ အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံ ပိုင်ဆိုင်သူ ကွန်ပျူတာသူဌေးကြီး ဘီလ်ဂိတ်ဖြစ်ပြီး ဒုတိယအချမ်းသာဆုံးသူမှာ အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံ ပိုင်ဆိုင်သူ ဂါရန်ဘာဖက်ဖြစ်သည်။

ဖိုးဘီးစ်အဖွဲ့၏ ၂၀၀၇ခုနှစ် ဘီလျံနာသူဌေးကြီးများစာရင်းတွင် အမည်ပေါက်သူ ၁၀၀၀ နီးပါးရှိသည့်အနက် ဗြိတိန်နိုင်ငံမှ ၂၉ ဦး ပါဝင်သည်။ ၎င်းဘီလျံနာ ၉၄၆ ဦးတို့ ပိုင်ဆိုင်သော ချမ်းသာမှု အစုစုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃ဒသမ၅ ထရီလီယံရှိသည်ဟုဆိုသည်။ ယခင်နှစ်က ထုတ်ပြန်သော ဘီလျံနာများစာရင်းတွင် ပါဝင်သူဦးရေသည် ၇၉၃ ဦးသာရှိပြီး ၎င်းတို့ပိုင်ဆိုင်မှု အစုစုသည် ယခုနှစ်တန်ဖိုးထက် အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀၀ ပိုမိုနည်းပါးသည်ဟု ဆိုသည်။

***အင်တာနက်။***




# တောင်ကိုရီးယားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွား

**ဆိုးလ် မတ် ၁၀**

တောင်ကိုရီးယားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ခုနစ်ကြိမ်ရှိပြီဖြစ်ကြောင်း မတ် ၈ ရက်က အတည်ပြုခဲ့သည်။ $H_5N_1$ ကြက်ငှက်တုပ်ကွေး ရောဂါ ပြန့်ပွားမှုမဖြစ်စေရန် ကာကွယ်သည့် အနေဖြင့် ကြက်ငှက်အများအပြားကို သုတ်သင်နေသည့်ကြားမှ လအနည်းငယ်အတွင်း ထပ်မံပေါ်ပေါက်လာခြင်းဖြစ်သည်။

ဆိုးလ်မြို့၏တောင်ဘက် ကီလိုမီတာ ၉၀ ခန့်ရှိ ချိုနမ်ဒေသ၏ ကြက်ငှက်မွေးမြူရေးခြံ၌ ကြက်ငှက်တုပ်ကွေး ရောဂါ နောက်ဆုံးဖြစ်ပွားခဲ့သည်ဟု သိရှိရသည်။

***အင်တာနက်။***



**တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ ဆိုင်ဘာကဖေးတစ်ခုကို မတ် ၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*



**ဂျာမနီနိုင်ငံ ဝုလ်ဘာဂ်မြို့အခြေစိုက် ဗောက်စ်ဝက်ဂွန်ကားကုမ္ပဏီ၏ လုပ်ငန်းခွင်တစ်နေရာကို မတ် ၉ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# အမေရိကန်၏ လူ့အခွင့်အရေးအစီရင်ခံစာ ဗင်နီဇွဲလားအစိုးရ ပယ်ချ

ကရာကတ်စ် မတ် ၁၀

**ဗင်နီဇွဲလားနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများကို ဝေဖန်ထားသည့် အမေရိကန်၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာသည် စောင့်စည်းမှုမရှိဘဲ ဝေဖန်ထားမှုသာဖြစ်သည်ဟု ပြောကြားကာ ဗင်နီဇွဲလားအစိုးရက ဗုဒ္ဓဟူးနေ့တွင် ပယ်ချလိုက်သည်။**



**ကနေဒါနိုင်ငံ ဗန်ကူဗာမြို့၌ မွေးဖွားခဲ့သော ခေါင်းချင်းဆက်အမြွှာ ကလေးများကို မွေးဖွားပြီး လေးလအကြာ မတ် ၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

**အဆိုးရွားဆုံး**

ဗင်နီဇွဲလားနှင့် ကျူးဘားနိုင်ငံတို့၏ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် မှတ်တမ်းများသည်လက်တင်အမေရိကဒေသတွင် အဆိုးရွားဆုံးဖြစ်သည်ဟု အမေရိကန်အစိုးရ၏ နှစ်ပတ်လည် လူ့အခွင့်အရေးဆိုင်ရာ ဆန်းစစ်ချက်အရ သိရှိရသည်။ ၂၀၀၆ ခုနှစ်ကုန်တွင် ဗင်နီဇွဲလားနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား သို့တည်းမဟုတ် အကျဉ်းသား ၁၃ ဦးထက်မနည်းရှိသည်ဟု ယင်းလေ့လာချက်တွင် ဖော်ပြထားသည်။

ဂျော့ဂျ်ဘုရှ် အစိုးရ၏ မူဝါဒများနှင့် ပတ်သက်၍ သဘောထားကွဲလွဲသည့် ပြည်သူများနှင့် နိုင်ငံများကို အမေရိကန်အစိုးရက ကဲ့ရဲ့ပြစ်တင်ရန် ကြိုးပမ်းနေလျက်ရှိသည်ဟု ဗင်နီဇွဲလားနိုင်ငံ ပြည်သူ့ဘက်မှ ပြောကြားသူ မန်ဒါရိန်က ပြောကြားသည်။

ဗင်နီဇွဲလားနှင့် ပတ်သက်သည့် အစီရင်ခံစာသည် နိုင်ငံရေးအရ ဝေဖန်ထားခြင်းဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံ၏ အဖွဲ့အစည်းများနှင့် တရားရေးစနစ်ကို သိက္ခာချထားခြင်းဖြစ်သည်ဟု ရှေ့နေချုပ်ဖြစ်သူ ရိုဒရီဂူဘက်စ်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံး ပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

**ဘဂ္ဂဒက် မတ် ၁၀**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးတွင် မတ် ၇ ရက်က ကင်းလှည့်စစ်ဆေးရေး မစ်ရှင်အဖွဲ့အနီး၌ လမ်းဘေးထောင်ဗုံး ပေါက်ကွဲမှုဖြစ်ပွားရာအမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးကြောင်း အမေရိကန်တပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့သည် ကင်းလှည့်စစ်ဆေးရေး ဆောင်ရွက်နေစဉ် လမ်းဘေးထောင်ဗုံးပေါက်ကွဲခဲ့ရာ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး တစ်ဦးမှာဒဏ်ရာရရှိကြောင်း ထုတ်ပြန်ဖော်ပြထားသည်။ ၂၀၀၃ခုနှစ်မတ်လမှစတင်၍ အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော ကျူးကျော်တိုက်ခိုက်မှုကြောင့် ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေသည် ၃၁၈၈ဦးရှိသည်။***အမ်အင်အေ၊ဆင်ဟွာ။***

# အင်ဒိုနီးရှား လေယာဉ်ပျက်မှု ပျံသန်းမှုမှတ်တမ်းသေတ္တာနက် ရှာဖွေတွေ့ရှိ

**ဂျကာတာ မတ် ၁၀**

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျကာတာမြို့ အာဒီစူစီတိုလေဆိပ်တွင် မတ် ၇ရက်က မီးလောင်ပျက်စီးသွားသော လေယာဉ်တွင်တပ်ဆင်ထားသည့် ပျံသန်းမှုမှတ်တမ်းတင်သေတ္တာနက်ကို ရှာဖွေတွေ့ရှိပြီဖြစ်သည်။

**လေ့လာစိစစ်**

ထိုသေတ္တာနက်တွင် စုဆောင်းထားသောအချက်အလက်များကို ဩစတြေးလျနိုင်ငံ၌ လေ့လာစိစစ်သွားမည်ဖြစ်ကြောင်း မက်ထရိုရုပ်သံသတင်းတွင် ကြေညာသွားသည်။

ပျက်စီးသွားသော လေယာဉ်၏ပေါက်နေသောဘီးများကို တွေ့ရှိထားသော်လည်း ယင်း တွေ့ရှိချက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ယခုအဖြစ်အပျက်ကြောင့် လေယာဉ်ပေါ်တွင် လိုက်ပါလာသူ အနည်းဆုံး ၂၁ ဦး အသက်ဆုံးခဲ့ရသည်။

မကြာသေးမီ လအနည်းငယ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း မတော်တဆမှုများ အစီအရီပေါ်ပေါက်ခဲ့သည့်အတွက် ခရီးသည်ရာချီ၍ အသက်ဆုံးရှုံးခဲ့ရသည့်အဖြစ်နှင့် ကြုံရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင် ဆင်းရှေလီကြံ စံပြစမ်းသပ်စိုက်ကွင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်သည် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်အတူ မတ် ၉ရက် မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့ နယ်မြေခံတပ်နယ်ရှိ ဆင်းရှေလီကြံ စံပြစမ်းသပ်စိုက်ကွင်းသို့ သွားရောက်၍ ရှင်းလင်းဆောင်ရွက်နယ်မြေခံတပ်ရင်းမှူးက ဆင်းရှေလီကြံ၏ ထူးခြားချက်များ၊ စံပြစမ်းသပ်စိုက်ကွင်း တိုးတက်မှုအခြေအနေများနှင့် တိုးချဲ့စိုက်ပျိုးမည့် လုပ်ငန်းလျာထားချက်များကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် တိုင်းမှူးက ရှင်းလင်းချက်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ်အတွင်း၌ ကြံစိုက်ဧက ၄၀၀၀၀ လျာထားသတ်မှတ်ပြီးဖြစ်၍ သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က စိုက်ပျိုးရေးဓာတ်မြေဩဇာ အိတ်များကို နယ်မြေခံ တပ်ရင်းမှူးထံ ထောက်ပံ့ပေးအပ်ပြီး စံပြစမ်းသပ်စိုက်ကွင်း၌ လုပ်ငန်းဆောင်ရွက်နေသည့် စစ်သည်များအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်က ကြံသည် စနစ်တကျ စိုက်ပျိုးလျှင် အကျိုးကျေးဇူးများစွာရရှိသည့် သီးနှံဖြစ်သည့်အတွက် ဂရုတစိုက် ထိန်းသိမ်းစိုက်ပျိုးရန်လိုကြောင်း၊ ပိုးကျလျှင် ကြီးကြီးမားမား ဆုံးရှုံးတတ်သည့်အတွက် တစ်ဧကဝင်ဆံ့သည့် အပင်အရေအတွက်အတိုင်း စနစ်တကျစိုက်ပျိုးရန်နှင့် ပင်ပွားများပါ ကြီးမားသန်စွမ်းပါမှ အထွက်ကောင်းမည် ဖြစ်သည့်အတွက် အမြဲဂရုပြု ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဆင်းရှေလီကြံ စံပြစမ်းသပ်စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့ တပ်ကုန်းတပ်နယ်ရှိ ဆင်းရှေလီကြံ စံပြစမ်းသပ်စိုက်ကွင်းတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

# ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကျောင်းသုံးပုံနှိပ်စာအုပ် လှူဒါန်းသည့်အခမ်းအနား တက်ရောက်

ရန်ကုန် မတ် ၁၁

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အခြေခံပညာမူလတန်း ကျောင်းသုံးပုံနှိပ်စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့တွင် ရွှေတောင်မြို့ ဘယ်လက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက အမှာစကားပြောကြားပြီး ဘယ်လက်ကျေးရွာ စည်းရုံးရေးမှူး ဒေါ်နီနီခိုင်က ကျောင်းသုံးပုံနှိပ်စာအုပ်များကို ဘယ်လက်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဝင်းအောင်နှင့် ဖိုးသိန်းတန်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးတို့ထံ ပေးအပ်လှူဒါန်းသည်။**

ယင်းနောက် ကျောင်းသုံးပုံနှိပ်စာအုပ်များ လှူဒါန်းခြင်းအခမ်းအနားကို ပြည်မြို့ ပျဉ်းပင်ကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပျဉ်းပင်ကိုင်းကျေးရွာ စည်းရုံးရေးမှူး ဦးအောင်တိုးက ပျဉ်းပင်ကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူနှင့် မြေပဒေသာကျေးရွာ အခြေခံပညာ မူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စည်းရုံးရေးဆိုင်ရာကိစ္စများနှင့် နွေရာသီသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားပြီး နွေရာသီသင်တန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ကျောင်းသုံးပုံနှိပ်စာအုပ်များ လှူဒါန်းခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ပေါင်းတည်မြို့ နတ်ပုတီး ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌လည်းကောင်း၊ လက်ပံတန်းမြို့ ကျွန်းကလေးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ လည်းကောင်း၊ သာယာဝတီမြို့ ဂုံမင်းမြောင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ လည်းကောင်း ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ကျေးရွာစည်းရုံးရေးမှူးများက ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားကာ နွေရာသီသင်တန်းများ၌ အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရွှေတောင်မြို့ ဘယ်လက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသုံးပုံနှိပ်စာအုပ်များလှူဒါန်းပွဲ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

# ကြက်ဥ၊ ကြက်သားရောင်းချသူများအား ပညာပေးဟောပြော

ရန်ကုန် မတ် ၁၁

**ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ပြည်သူလူထု အသိမြှင့်တင်ရေး အစီအစဉ်အရ ကြက်ဥ၊ ကြက်သားရောင်းချသူများအား ပညာပေးဟောပြောခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဟံသာဝတီအခွန်လွတ်ဈေး ဈေးရုံးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ဒေါက်တာစိုးဝင်းနှင့် နယ်မြေတာဝန်ခံ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ M.V.Scကျောင်းသား၊ ကျောင်းသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဌာနခွဲမှူး ဦးကျော်မြင့်၊ ဈေးတာဝန်ခံ ဦးထွန်းထွန်းနှင့် ကြက်ဥ၊ ကြက်သားရောင်းချသူများတက်ရောက်ကြပြီး ဒေါက်တာစိုးဝင်းက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ ပညာပေး ဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး ဌာနခွဲမှူး ဦးကျော်မြင့်အား လက်ကမ်းစာစောင်နှင့် နံရံကပ်ပိုစတာများကိုလည်းကောင်း၊ ကြက်ဥ၊ ကြက်သားရောင်းချသူများအား ရောဂါကာကွယ်ရေး အထောက်အကူပစ္စည်းများဖြစ်သည့် လက်အိတ်နှင့် ဆပ်ပြာတို့ကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တိုင်းဦးစီးမှူးနှင့် အဖွဲ့သည် နံနက် ၉နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေး ဈေးရုံးခန်း၌ ဈေးတာဝန်ခံနှင့်ကြက်ဘဲဒိုင်၊ ကြက်ဥ၊ ကြက်သားရောင်းချသူများအား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးဟောပြောပြီး ဈေးများအတွင်း ရောဂါရှာဖွေစူးစမ်းလေ့လာခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ငွေလှူ

**ရန်ကုန် မတ် ၁၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်းရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် စီစဉ်လျက်ရှိရာ သုဝဏ္ဏမြို့မှ အလှူရှင်တစ်ဦးက အလှူငွေ ကျပ် ၁၀သိန်း၊ ဒဂုံလွင်လမ်းနေ ဒေါ်စွဲ့သန်းစိန် မိသားစုက အလှူငွေကျပ် ခြောက်သိန်း၊ မေတ္တာညွန့် စက်မှုလက်မှုရပ်ကွက် စက်မှုရတနာလမ်းနေ ဒေါ်စိန်စိန် မိသားစုက အလှူငွေကျပ် သုံးသိန်း၊ ဒဂုံလွင်လမ်းနေ ဒေါ်ယုံမိသားစုနှင့် သီရိလမ်းနေ ဒေါ်ခင်ကြည် မိသားစုတို့က အလှူငွေကျပ် တစ်သိန်းစီ လှူဒါန်းကြသည်။

လှူဒါန်းလိုသူများသည် ဖုန်း-၅၄၅၈၃၇နှင့် ၀၉-၅၁ ၈၈၇၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၅၃၅)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၃-၂၀၀၇ (တနင်္လာနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ဝိပဿနာစာမေးပွဲတရားတော် အပိုင်း(၁) အရှင်ဇဝန (မေတ္တာရှင်ဆရာတော်)
- ၇:၅၀ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
- ၈:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ ရုပ်ရှင်နှင့်ပြဇာတ်ပညာ ဘွဲ့ကြိုသင်တန်းဖွင့်ပွဲ အခမ်းအနားမှ ပွဲတင်သံများ
- ၉:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၀ Yangon Panorama (ဦးလွန်းကြွယ် ပန်းချီပြပွဲ)
- ၉:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ ပြည်သူလူထုအတွက် ပညာပေးမျိုးဆက်ပွား ကျန်းမာရေး
- ၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၅ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(မာလကာသီး)
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (အလှအပနှင့် အရေပြား ကျန်းမာရေးဆိုင်ရာ ပြဿနာများ) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (စူးရှ၊ ဂန္ဓဝင်၊ ခိုင်သီတာထွန်း)
- ၁၁:၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၁:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ လောကဥယျာဉ်အတွင်းမှ ပန်းကလေးများ(အမျိုးသမီး ကလေးများသင်တန်းကျောင်း)
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ Say it in English(4)
- ၁၁:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂:၀၀ အမုန်းချစ်မှ အချစ်မုန်း (ဖြိုးငွေစိုး၊ မေနန်းခေါင်)
- ၁၂:၁၀ တေးဂီတအစီအစဉ်
- ၁၂:၁၅ ဂေါက်ရိုက်ကြရအောင်
- ၁၂:၃၅ တေးဂီတအစီအစဉ်
- ၁၂:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၄၅ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
- ၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## * ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ထီးလင်းကျေးရွာအုပ်စုရှိ တောင်သူဦးပြား၏ ကင်းတားဆည်ရေသောက် မနောသုခ နွေစပါးစံပြစိုက်ခင်း ၁၀ ဧကသို့ ရောက်ရှိကြပြီး မြစ်သားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူး မောင်စိုးက မြစ်သားမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က တိုင်းအတွင်း နွေစပါးစိုက်ပျိုးရေးနှင့် တိုင်းလုံးကျွတ် ထွန်တုံးပိတ်ပွဲ ဆောလျင်စွာကျင်းပနိုင်ရန် အားပေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကင်းတားဆည်ရေသောက် စံပြတောင်သူ ဦးပြား၏ နွေစပါးစိုက်ကွင်း၌ မနောသုခ မျိုးစပါး ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မြစ်သားမြို့နယ်သည် ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးမှုကို ဆည်နှင့် ကန်ရေသောက်စနစ်ဖြင့် ဧက ၂၆၂၉၀၊ စက်ရေတွင်း ရေသောက်စနစ်ဖြင့် ၁၅၂ ဧက၊ သဘာဝရေထွက် ရေသောက်စနစ်ဖြင့် ၃၁၇ ဧက စုစုပေါင်း ၂၆၇၅၉ ဧကကို အပြည့်အဝ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် စစ်ကိုင်းမြို့သို့ ရောက်ရှိ ညအိပ်ရပ်နားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မတ် ၉ ရက် နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတပ်နယ် စိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်က စိုက်ပျိုးမွေးမြူရေးခြံရှိ စိုက်ကွင်းအမှတ်(၁) ခြံစည်းရိုးကြက်ဆူ ပျိုးပင် ၁၀၀၀၀၀ စိုက်ခင်း၊ စိုက်ကွက်အမှတ်(၃) ခြံစည်းရိုးကြက်ဆူ ငါးဧကစိုက်ခင်းနှင့် စိုက်ကွက်အမှတ်(၄) သဲနုန်းမြေ၌ ခြံစည်းရိုးကြက်ဆူ အစေ့ချစိုက်ခင်းတို့ကို လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်ရင်းခန်းမ၌ စစ်ကိုင်းတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များ သတ်မှတ်ဧကပြည့်မီရေးနှင့် အောင်မြင်အောင်စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး ရှင်းလင်းမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် စစ်ကိုင်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ ခရိုင်ချင်းဆက်လမ်းအမှတ်(၃) စစ်ကိုင်း-ကျောက်မြောင်း ၅၃ မိုင် မြေသားလမ်းဖောက်လုပ်ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၅/၀)အနီးတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်မည့် ဆည်ရေသောက်ဧရိယာဧက ၂၀၀ အား အကျိုးပြုမည့် အလျားပေ ၈၅၀၊ အမြင့်ပေ ၃၀၊ သစ်ပင်ချောင်းတမံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မိုင်တိုင် (၁၅/၆)အနီးရှိ လှည်းလမ်းကြီးချောင်းတမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ထိက ခရိုင်ချင်းဆက်လမ်းအမှတ်(၃) စစ်ကိုင်း-တောင်ရင်း-တပ်ရွာ လမ်းပိုင်းအတွင်း လှည်းလမ်းကြီးချောင်း၊ ထန်းပင်ချောင်း၊ ရေမျက်ချောင်း၊ သစ်ဝင်ချောင်း၊ ပတ္တမြားချောင်းတမံများ၊ တောင်ရင်း (၁/၁)မှ (၂/၂)ကြားရှိ ရေလွှဲတာဘောင် စကျင်ဆပ်ပြာချောင်း ရေလွှဲမြောင်းတည်ဆောက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၁၆)အနီးရှိ ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက စစ်ကိုင်း-တောင်ရင်း-တပ်ရွာ ၂၁ မိုင်နှစ်ဖာလုံလမ်းပိုင်းကို တစ်ကြောင်းထိုး ဖောက်လုပ်မှုအခြေအနေများကို လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်မြင့်သိန်းက လမ်းပိုင်း၌ တည်ဆောက်ရန်ကျန်ရှိနေသော တံတားနှစ်စင်း တည်ဆောက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းကို အကွေ့အကောက် အနိမ့်အမြင့် ပြေပြစ်စွာ တိုင်းတာတည်ဆောက်သွားရေး၊ ချောင်းကူးတံတားများကို ပိုင်တိုင်များအား မြေဝင်နက်နက်ဖြင့် တည်ဆောက်သွားရေး မှာကြားပြီး မိုင်တိုင်အမှတ် (၂၀/၁)ရှိ တပ်ရွာမြစ်ရေတင် ရေပေးမြောင်းအတွင်း မြစ်ရေတင်ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်ရွာမြစ်ရေတင်စခန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမင်းက တပ်ရွာမြစ်ရေတင် စခန်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ၇၀၀၀ ကျော်လွန်အောင် စိုက်ပျိုးရန် စီမံဆောင်ရွက်ထားမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးစိုက်ဧက သတ်မှတ်လျာထားချက်အပေါ် ပြည့်မီအောင်စိုက်ပျိုးရေး၊ စပါးအပြင် ဝါကိုလည်း တိုးချဲ့စိုက်ပျိုးရေးမှာကြားကာ ဧရာဝတီမြစ်တွင်းရှိ ရေတင်စက်ရုံနှင့် ရေပေးမြောင်းအတွင်း မြစ်ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တပ်ရွာမြစ်ရေတင်စီမံကိန်းသည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် တပ်ရွာကျေးရွာအနီး၌ တည်ရှိပြီး ဧရာဝတီမြစ်မှ ရေကို ၁၅ကျူးဆက်၊ ရေစုပ်စက် ၁၂ လုံးဖြင့် အမြင့်ပေ ၁၁၀ သို့ စုပ်တင်ပြီး အရှည်ပေ ၁၁၀၀၀ ရှိ တူးမြောင်းမကြီးမှတစ်ဆင့် အရှည်ပေ ၁၇၅၂၀ရှိ ရေသွယ်မြောင်းမကြီး စုစုပေါင်း ၂၅၉၃၉၄ ပေရှိ လက်တံမြောင်းများဖြင့် စစ်ကိုင်းမြို့နယ်နှင့် ဝက်လက်မြို့နယ်များရှိ စိုက်ပျိုးမြေ ၁၆၅၄၈ ဧကတို့ကို စိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာကြရာ ဝက်လက်မြို့နယ် ရှိမ္ဗကားကျေးရွာ လမ်းဆုံ၌ လမ်းပိုင်းအခြေအနေများကို လည်းကောင်း၊ မိုင်တိုင် (၂၉)နှင့် (၃၀)ကြားရှိ ငါးတိုက်ချောင်းတွင် ပေ ၈၀ အရှည် သစ်သားတံတားတည်ဆောက်မည့်နေရာသို့ လည်းကောင်း၊ မိုင်တိုင် (၃၅)နှင့် (၃၆)ကြားရှိ ဆည်တောချောင်း သစ်သားတံတားတည်ဆောက်မည့် နေရာသို့လည်းကောင်း၊ မိုင်တိုင် (၃၈)ရှိ လင်းတသိုက်ချောင်း သစ်သားတံတား ဆောက်လုပ်မည့်နေရာသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၃၉)အနီးရှိ ဝက်လက်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရေဖြူစခန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်က ခရိုင်ချင်းဆက်လမ်းအမှတ်(၃) တပ်ရွာ-ရှိမ္ဗကား-ကျောက်မြောင်းလမ်းပိုင်းကို တစ်ကြောင်းထိုးလမ်းဖောက်လုပ်ခြင်း၊ ပေ ၃၀ အကျယ်ရှိ မြေသားလမ်း တိုးချဲ့ဖောက်လုပ်ခြင်းနှင့် ချောင်းကူး သစ်သားတံတား လေးခု၊ ရေကျော်နှစ်ခု တည်ဆောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ဖောက်လုပ်ခြင်းကြောင့် ဒေသနေကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ကာ ၎င်းတို့၏ လူနေမှုဘဝ တိုးတက်မြင့်မားလာကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် လမ်းကို ရာသီမရွေး သွားလာနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန်နှင့် ဝက်လက်မြို့နယ် လမ်းပိုင်းတွင် မိုင်တိုင် (၃၀)နှင့် (၃၁)အကြား လမ်းပိုင်းမှာ အကွေ့အကောက်များနေခြင်းကို ပြန်လည်တိုင်းတာ၍ ပြေပြစ်စွာ ဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး မန်ကျည်းသုံးပင်လမ်းခွဲ၊ မခေါက်ရွာလမ်းခွဲ၊ မိုင်တိုင်(၄၈/၇)ရှိ ရွှေရင်အေးရေကျော်နှင့် မိုင်တိုင်(၅၁)ရှိ သဲဖြူချောင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်းအမှတ်(၃) မိုင်တိုင်(၅၁) လေးဖာလုံရှိ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်လျက်ရှိသည့် ဇော်ကနားချောင်းရေလှောင်တမံသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံညွန့်က ဇော်ကနားချောင်းရေလှောင်တမံဆိုင်ရာ စီမံကိန်းအချက်အလက်များနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။

ဇော်ကနားချောင်း ရေလှောင်တမံသည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စုတွင် တည်ရှိပြီး တမံအလျားပေ ၈၆၀၊ အမြင့် ပေ ၄၀ရှိ မြေသားတမံ အမျိုးအစားဖြစ်သည်။ ရေလှောင်တမံကို လမ်းဖြစ်ဆည်ဖြစ် တည်ဆောက်ခြင်း ဖြစ်သည့်အပြင် စိုက်ပျိုးရေးအတွက် လယ်ဧက ၃၀၀ကို စိုက်ပျိုးရေ ရရှိစေမည်ဖြစ်ပြီး သောက်သုံးရေနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့ကိုပါ အထောက်အကူပြုမည့် ရေလှောင်တမံဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇော်ကနားချောင်း ရေလှောင်တမံ၏ ပြီးစီးမှုအခြေအနေနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာကာ ရွှေဘို-ကျောက်မြောင်း လမ်းဆုံမှတစ်ဆင့် ဆက်လက်ထွက်ခွာ၍ ရွှေဘိုမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

# မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဖွင့်လှစ်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ် (၀၂၁)တွင် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(စွမ်းအင်)



**ရန်ကုန် မတ် ၁၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ်(၀၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ (ဒဂုံမြို့သစ်ဆိပ်ကမ်း)မြို့နယ် ဧရာဝဏ်လမ်းနှင့် ပဲခူးမြစ်လမ်းထောင့်ရှိ အဆိုပါ အရောင်းဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဖဲကြိုးဖြတ်၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက စက်ခလုတ်နှိပ်၍ အရောင်းဆိုင်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရန်ကုန်မြို့ နယ်နိမိတ်အတွင်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အသစ်များကို ဖွင့်လှစ်ခဲ့ရာ ဆိုင်အဟောင်း နှစ်ဆိုင်အပါအဝင် စုစုပေါင်း ၂၁ ဆိုင် ရှိသွားပြီဖြစ်သည်။ ယခုအခါ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲသုံးစွဲလျက်ရှိသော သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် CNG အရောင်းဆိုင်သစ်များကို အမြန်ဆုံးတိုးချဲ့ ဖွင့်လှစ်သွားနိုင်ရေးအတွက် စက်ပစ္စည်းများ မှာယူထားရှိပြီးဖြစ်သည်။ ပစ္စည်းရောက်ရှိလာမှု အခြေအနေပေါ် မူတည်၍ CNG ဆိုင်အသစ်များ ဆက်တိုက် ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ အဆိုပါဆိုင်များက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များကို ၂၄ နာရီပတ်လုံး အကန့်အသတ်မရှိ လိုအပ်သမျှရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးနှင့် အတူ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ယမန်နေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ကျင်းပရာ သတင်းအချက်အလက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ဆွေးနွေးကြသည်။

ယနေ့နံနက်ပိုင်းတွင် သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ဒေသတွင်း ယှဉ်ပြိုင်နိုင်မှုကဏ္ဍ၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍနှင့် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကို ဆွေးနွေးကြသည်။

နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး အထိမ်းအမှတ်အဖြစ် အသင်းချုပ်၏ ညီနောင်အသင်းအဖွဲ့များက ထုတ်လုပ်သည့် ထုတ်ကုန်များ၊ ပြည်နယ်နှင့်တိုင်း စက်မှုလက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်သည့် ထုတ်ကုန်များနှင့် အသင်းဝင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို UMFCCI Office Tower ၌မတ် ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ခင်းကျင်း ပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ❀ ကာကွယ်ရေးဝန်ကြီးဌာနမှ

ရှေးဦးစွာ မြိတ်မြို့သစ် မြို့ပြစီမံကိန်း ရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်က အခြေခံဇုန်များဖြစ်သည့် လူနေရပ်ကွက်ဇုန်၊ စီးပွားရေးဇုန်၊ စက်မှုဇုန်၊ အုပ်ချုပ်မှုဇုန်၊ ဆိပ်ကမ်းနယ်မြေဇုန်နှင့် ပညာရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ကျန်ဇုန်သုံးဇုန် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းတာဝန်ခံများက ကော်မတီအလိုက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက မြိတ်မြို့သစ်မြို့ကွက်ဖွဲ့စည်းတည်ဆောက်မှု၊ မြေကွက်များနေရာချထားမှုအခြေအနေ၊ အဝေးပြေးကားကြီးဂိတ်ဝင်းနှင့် ပွဲရုံများတည်ဆောက်မည့်အစီအစဉ်၊ ဈေးနေရာ သတ်မှတ်ခြင်းနှင့် ဆိပ်ကမ်းတွင် စက်လှေများ ဆိုက်ကပ်ရပ်နားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဏ္ဏဝါစိုးကုမ္ပဏီမှ ဒါရိုက်တာ ဦးစောဂျက်နှင့်လုပ်ငန်းရှင်များက မြေကွက်ဖော်ထုတ်ရာတွင် လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဆိပ်ခံတံတားပြောင်းရွှေ့၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် တနင်္သာရီတိုင်းတွင် သဘာဝအခြေအနေကောင်းများစွာရှိကြောင်း၊ ယခုခြောက်သွေ့ရာသီတွင် မြိတ်မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အဆက်မပြတ်ဆောင်ရွက်ရန် လိုကြောင်း၊ မြိတ်မြို့သစ်တွင် ပြောင်းရွှေ့ဆောက်လုပ်နေသော ဆိပ်ခံဖောတံတားများ စနစ်တကျရှိရေးနှင့် မြစ်တွင်းပိတ်ဆို့မှုမဖြစ်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်း၍ စီမံဆောင်ရွက်ရန်လိုကြောင်း၊ ယခုအချိန်သည် ခြောက်သွေ့ရာသီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရန် လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဖွဲ့စည်းပေးထားသည့်ကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ အသေးအဖွဲ့လုပ်ငန်းကအစ စီမံကိန်းတစ်ခုလုံး စေ့စပ်သေချာစွာ ဆောင်ရွက်ကြရေးနှင့် စံချိန်စံညွှန်းမီစွာဖြင့်တည်ဆောက်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အပြင်မှ သမုတ်နှင့် ကျောက်ဖျာမြစ်ကြား ဆိပ်ကမ်းနယ်မြေ၊ မြေကွက်များဖော်ထုတ်နေမှုနှင့် ဆိပ်ခံတံတားများ ဆောက်လုပ်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့သစ် တာပတ်လမ်းတစ်လျှောက် ဆိပ်ခံဖောတံတားများ တည်ဆောက်နေမှုကို လည်းကောင်း၊ မြေနေရာဖော်ထုတ်နေမှုကိုလည်းကောင်း၊ မြိတ်မြို့သစ်မြို့ရှောင်လမ်းပေါ်ရှိ လက်ဝဲတောင်ဘုရားနှင့် သပွတ်ကျေးရွာအနီး ပေ ၆၀၀ x ပေ၄၀၀ရှိ ကွန်ပျူတာ ကောလိပ်ဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း၊ စမ်းတူချောင်း ရေလှောင်တမံဆောက်လုပ်မည့် နေရာကိုလည်းကောင်း၊ လမ်းတစ်လျှောက်ရှိ တံတားငယ်များ၊ မြေသားလမ်း ကျောက်ခင်းလမ်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် တနင်္သာရီတိုင်း ရဲတပ်ဖွဲ့မှူးရုံးသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တနင်္သာရီတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးမြင့်က တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ရေရရှိရေးဆောင်ရွက်မှုနှင့် မြေသားတမံတစ်ခု တည်ဆောက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရရှိသော ရေအရင်းအမြစ်များကို မြို့သစ်တည်ဆောက်ရေး လုပ်ငန်းခွင်အပြင် စိုက်ပျိုးရေးအတွက် ရေဖြန့်ဝေသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ပြည့်ဖြိုးထွန်း၊ အောင်မြတ်ဖြိုး ကုမ္ပဏီကတည်ဆောက်နေသော ကဘင်းရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကုမ္ပဏီဒါရိုက်တာ ဦးလှသန်းက မြေပယ်ခြင်းလုပ်ငန်း၊ မြေဖို့ခြင်း၊ ရေစစ်ကျောက်ရိုးလုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကဘင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်တွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တမံတည်ဆောက်ပြီးသည်နှင့် မြိတ်မြို့သစ် ရေပေးဝေနိုင်ရေးအတွက် စနစ်တကျ ပိုက်သွယ်တန်းရေးနှင့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ဆောင်ရွက်ရေးတာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ကဘင်းရေလှောင်တမံသည် အမြင့် ၄၅ ပေ၊ အလျား ပေ ၄၅၀ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ရေလှောင်ပမာဏ ဂါလန် သန်း ၅၀၊ ဧရိယာဧက ၆ ဒသမ ၅ ဧက ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည်အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့သစ်၌ တည်ဆောက်ရှိလျက်ရှိသည့် နည်းပညာတက္ကသိုလ်(မြိတ်) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ Civil Tech Co. Ltdမှ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းမြင့်က သုံးထပ်ပင်မဆောင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့်တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နည်းပညာတက္ကသိုလ်(မြိတ်)နယ်မြေခြံစည်းရိုးမခတ်မီ တက္ကသိုလ်ဧရိယာ အမှတ်အသား ဆိုင်းဘုတ်ငယ်များထားရှိရေးနှင့် စံချိန်စံညွှန်းမီသတ်မှတ်ချိန်အတွင်း တည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(မြိတ်) ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ နည်းပညာတက္ကသိုလ်(မြိတ်)သည် မြိတ်-ရန်ကုန် ကားလမ်းဘေး ကဘင်းကျေးရွာအနီး မြိတ်မြို့သစ်၌တည်ရှိပြီး ကျောင်းသား ကျောင်းသူဦးရေ ၃၀၀၀ကို လက်ခံသင်ကြားပေးနိုင်မည်ဖြစ်သည်။ အလျား ၅၁၃ပေ၊ အနံ ၃၅၇ ပေရှိ သုံးထပ်အဆောက်အအုံဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးပြီးစီးမှုမှာ ၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည်အဖွဲ့ဝင်များနှင့်အတူတနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာတင်ပြချက်များအပေါ် သတ်သတ်မှတ်မှတ် တာဝန်ပေးထားပြီးဖြစ်သဖြင့် တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့၏ လုပ်ငန်းကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဝန်ထမ်းများအနေဖြင့် မိမိတို့ ဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များကို သေသေချာချာ လေ့လာမှုပြုပြီး ဂဃနဏသိရှိထားရန်လိုကြောင်း၊ နိုင်ငံတော်အတွင်း အုပ်ချုပ်ရေးအခြေခံကောင်း၊ ပညာရေးအခြေခံကောင်း၊ လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများရရှိနေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာလာရုံသာမက ဒေသအလိုက် အသိပညာရှင်များ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာလျက်ရှိကြောင်း။

ယခုကဲ့သို့ အခြေအနေကောင်း၊ အခွင့်အလမ်းကောင်းများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်ကို စစ်မှန်ပြီးရေရှည်တည်တံ့ခိုင်မြဲမည့်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ထူထောင်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ပြီး နိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေးကို ဆောင်ရွက်နေကြောင်း၊ နောင်တွင်ကျင့်သုံးမည့်စီမံခန့်ခွဲရေးယန္တရားကို မျှော်မှန်း၍ ပြည်နယ်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်ကိုလည်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ပြီးဖြစ်ကြောင်း။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါတွင် ပြည်သူများနှင့် အနီးကပ်နေထိုင်ပြီး ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး အတွက် ကာကွယ်စောင့်ရှောက်ပေးရမည့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူများအတွက် ထင်သာမြင်သာအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရက ပြည်သူများအပေါ်ထားရှိသည့် စေတနာနှင့်ကြိုးပမ်းဆောင်ရွက်ပေးနေမှုများကို မိမိကြောင့် စွန်းထင်းမသွားစေရအောင် အထူးသတိပြုကြရန် အလေးအနက်မှာကြားလိုကြောင်း၊ ထို့ပြင်ပြည်သူတို့၏ လေးစားမှုခံယူထိုက်သူများဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန်နှင့် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

---

## အင်တာနက် ကျန်းမာရေးသတင်း

### ကလေးများနှင့် အမျိုးသမီးများ ပြဒါးဓာတ်ပါသောငါးကိုမစားသင့်

**လန်ဒန် မတ် ၁၁**

ပြဒါးဓာတ်သည် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်ကြောင်း၊ ကလေးငယ်များနှင့် အမျိုးသမီးများသည် ပြဒါးဓာတ်ပါဝင်သော ငါးကိုစားသုံးမှု မပြုသင့်ကြောင်း နိုင်ငံတကာသိပ္ပံပညာရှင်များ ပါဝင်သည့် အုပ်စုတစ်စုက မတ် ၁၀ ရက်တွင် သတိပေးလိုက်သည်။

ပင်လယ်ရေကို ညစ်ညမ်းစေနိုင်သည့် ပြဒါးဓာတ်ကို ငါးများက စုပ်ယူထားနိုင်သည်။ ဓာတုဗေဒပစ္စည်းတစ်မျိုးဖြစ်သည့် ပြဒါးဓာတ်ပါဝင်သော ငါးကို စားသုံးခြင်းဖြင့် အထူးသဖြင့် ကလေးသူငယ်များနှင့် သားသမီးပွားစည်းနိုင်သော အသက်အရွယ်ရှိ အမျိုးသမီးများ ကျန်းမာရေးထိခိုက်စေနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးသည်။

ခဲဓာတ်နှင့် ပြဒါးဓာတ်တို့သည် ဖွံ့ဖြိုးဆဲအရွယ်ရှိ ဦးနှောက်များကို ထိခိုက်စေသည်ဆိုသော အချက်ကို သုတေသီများ လေ့လာခဲ့ကြသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ငါးတွင် လူဦးနှောက် ဖွံ့ဖြိုးမှုကို အထောက်အကူပေးသည့် အိုမီဂါ-၃ ဖက်တီးအက်ဆစ်ဓာတ်များနှင့် အာဟာရဓာတ်များ ပါဝင်သော်လည်း ပြဒါးဓာတ်ပါဝင်မှု လွန်ကဲခြင်းဖြင့် ဦးနှောက်ထိခိုက်စေနိုင်ကြောင်း ဗြိတိသျှသုတေသီများက ပြောကြားသည်။

ဗြိတိန်နိုင်ငံရှိ ဘရစ္စတိုလ်တက္ကသိုလ်မှသုတေသီများက ယင်းသို့ သတိပေးချက်ကို အမေရိကန်သိပ္ပံပညာရှင်များကလည်း ထောက်ခံပြောဆိုကြသည်။

ပြဒါးဓာတ် ဘေးအန္တရာယ်သည် ကမ္ဘာ့ဒေသအများစုတွင် တွေ့ကြုံနေရသည့် ပြည်သူ့ကျန်းမာရေးတစ်ရပ်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များကပြောကြားသည်။***အင်တာနက်။***

**ရေချိုငါးများအနက် အကြီးဆုံးသော ငါးတစ်ကောင်ကို မဲခေါင်မြစ်အတွင်းမှဖမ်းဆီးရမိခဲ့သည်။ ကိုးပေအရှည်ရှိပြီး အလေးချိန် ၆၄၆ ပေါင်ရှိသည့် ငါးခူမျိုးရင်းအမျိုးအစားငါး ဖြစ်သည်။**

(ဓာတ်ပုံ-အင်တာနက်)



---



## ခေတ်မီမြက်ခင်းတု ဟော်ကီကွင်းတွင် လက်ရွေးစင်များ စခန်းသွင်းလေ့ကျင့်

**ရန်ကုန် မတ် ၁၁**

ဘင်္ဂလားဒေ့ရှ်-မြန်မာ ချစ်ကြည်ရေး၊ အားကစားကဏ္ဍမြှင့်တင်ရေး အစီအစဉ်အရ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ Modern Builders International Ltd၊ ဂျာမနီနိုင်ငံ Polyian Co., တို့ ပူးပေါင်းဆောက်လုပ်ခဲ့ကြသည့် မြက်ခင်းတုဟော်ကီကွင်းရှိ လေ့ကျင့်ရေးကွင်း၌ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပဏာမ ရွေးချယ်ထားသည့် လက်ရွေးစင် အားကစားသမားများ စခန်းသွင်းလေ့ကျင့်လျက် ရှိသည်။

### ကြပ်မတ်ဆောင်ရွက်

အဆိုပါ အားကစားသမားများအား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် နည်းစနစ်မှူး ဦးကျော်နိုင်က ကြီးကြပ်၍ နေ့စဉ် လေ့ကျင့်ပေးလျက်ရှိပြီး အဖွဲ့ချုပ်အမှုဆောင်ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ စခန်းတာဝန်ခံ ဦးကျော်ဌေးသိန်းနှင့် နည်းပြချုပ် အရာခံဗိုလ် ပြုံးကြည်တို့က အောင်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အာရှချန်ပီယံ ကိုရီးယားသမ္မတနိုင်ငံ လက်ရွေးစင်အသင်းနှင့် ပါကစ္စတန် အစ္စလမ်မစ်သမ္မတနိုင်ငံမှ Senior Clubအသင်းတို့လာရောက်ကစားရန် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

**၂၀၀၇ ခုနှစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော ပဏာမလက်ရွေးစင် ဟော်ကီ အားကစားသမားများအား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် နည်းစနစ်မှူး ဦးကျော်နိုင်နှင့်အဖွဲ့က လေ့ကျင့်မှုနှင့် ပတ်သက်၍ မှာကြားစဉ်။** (ဟော်ကီအဖွဲ့ချုပ်)

---

## တပ်မတော်နေ့ဂုဏ်ပြု (၁၀၆)ကြိမ်မြောက် သွေးလှူ



**ရန်ကုန် မတ် ၁၁**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) သုခမ္မမဏီဇောတရေ ဦးစိုးရိန် (မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန်(တတိယ/ပထမဆင့်) ဆုရှင် **(အပေါ်ပုံ)**သည်အမှတ်(၂)တပ်မတော်ဆေးရုံကြီးတွင် မတ်၁ရက်က (၁၀၆) ကြိမ်မြောက်သွေးလှူဒါန်းသည်။

(က-ပ)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ပဉ္စမအကြိမ် ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းခြင်းအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက် နိုင်ငံတော်သစ်ထူထောင်ရာတွင် လိုအပ်သည့်အရည်အချင်းပြည့် လူ့စွမ်းအားအရင်းအမြစ်များပျိုးထောင်ရေးမှာကြား

ရန်ကုန် မတ် ၁၁

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ပဉ္စမအကြိမ် ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းခြင်းအခမ်းအနားကို မတ် ၉ ရက် နံနက် ၈ နာရီတွင် ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့်ဇနီး၊ တက္ကသိုလ်ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့် ရေး အဖွဲ့ဥက္ကဋ္ဌဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့– အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်နှင့်ဦးစိုးဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးလှကြည်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်ဖံလှ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများမှကိုယ်စားလှယ်များ၊ တက္ကသိုလ် ပညာရေးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ ဧည့်သည်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တက္ကသိုလ်ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့က ဘွဲ့လက်မှတ်များ ကို အပ်နှင်းကြသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက ဆရာအတတ်ပညာ ဒီပလိုမာ အပ်နှင်းသည်။



**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ပဉ္စမအကြိမ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းခြင်းအခမ်းအနားတွင် ဘွဲ့လက်မှတ်အပ်နှင်းစဉ်။**
(သတင်းစဉ်)

ထို့နောက်တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကား ပြောကြားရာတွင် သင်တန်းဆင်းမောင်မယ်များအနေဖြင့် နိုင်ငံတော်သစ်ကို ထူထောင်ရာတွင် မဖြစ်မနေလိုအပ်နေသည့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာအောင် မိမိတို့တာဝန်ထမ်းဆောင် ရမည့်အခြေခံကျောင်းအသီးသီးမှနေ၍ စိတ်စေတနာအပြည့်ဖြင့် ပျိုးထောင် ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒလမ်းညွှန်ချက်များကို အလေးအနက်ခံယူပြီး မိမိတို့တာဝန်ကျရာ ရပ်ရွာဒေသ လူ့အဖွဲ့အစည်းတွင် ဆရာကျင့်ဝတ်သိက္ခာမြင့်မားသော စံနမူနာပြပုဂ္ဂိုလ်များ၊ ပညာထူးချွန်ထက် မြက်ပြီး လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်းသမီးမွန်များကို မွေးထုတ် နိုင်သော ဥယျာဉ်မှူးများအဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းအားထုတ် ဆောင်ရွက် သွားကြစေလိုကြောင်း။

ဆရာအတတ်ပညာအရည်အသွေး တိုးတက်မြင့်မားရေးနှင့် အမျိုးသား ပညာရည်မြင့်မားရေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်၏ စေတနာကိုသိရှိနားလည်ပြီး အရည်အသွေးပြည့်ဝသော ဆရာများအဖြစ် အစဉ်ကြိုးပမ်းရင်း အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူဘောင်အဖွဲ့ အစည်းကြီးဖြစ်ပေါ်လာအောင် စွမ်းဆောင်ပေးကြစေလိုကြောင်း၊ ဒေသခံ



**ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ပဉ္စမအကြိမ် ဆရာအတတ် ပညာ ဒီပလိုမာအပ်နှင်းခြင်းအခမ်းအနားတွင် ဘွဲ့လက်မှတ်အပ်နှင်းစဉ်။**
(သတင်းစဉ်)

ပြည်သူများအား ပညာရေး၊ ကျန်းမာရေး အသိအမြင်ဗဟုသုတကြွယ်ဝအောင်၊ အမြင်ကျယ်အောင် ပညာပေးစည်းရုံး၍ ကျေးလက်ဒေသ၏ အခြေခံ စီးပွားရေးဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပြီး နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထိန်းသိမ်းစောင့် ရှောက်မှုများတွင်လည်း စိတ်ပါဝင်စားစွာ စိုက်ပျိုးရေးအသိပညာဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း။

ယနေ့အချိန်အခါသည် ပညာရေးသည် ပညာရေးအတွက်မဟုတ်ဘဲ၊ ပညာရေးသည် မိမိလူမျိုးအတွက် သို့မဟုတ် ပညာရေးသည် မိမိနိုင်ငံ အတွက်ဟူသောကာလကို ပြောင်းလဲရောက်ရှိနေပြီဖြစ်၍ ရေရှည်တည်တံ့သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် အရည်အသွေးကောင်းများဖြင့် ပြည့်စုံသော နိုင်ငံ့သားကောင်း ကမ္ဘာ့လူရည်မွန်များ ပေါ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင် လေ့ကျင့်ပေးသွားကြစေလိုကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရာတွင် နိုင်ငံတစ်ဝန်းလုံး ကဏ္ဍစုံဖွံ့ဖြိုး တိုးတက်လာအောင် နိုင်ငံတော်အစိုးရက အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနေ ချိန်တွင် နိုင်ငံတော်က လေ့ကျင့်ပျိုးထောင်ထားသော ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ် များပီပီ ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းလာစေ ရန် ကျရာအခန်းကဏ္ဍမှ ပြည်သူများအားဦးဆောင်ပြီး တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နယ်ချဲ့လက်သစ်များသည် တိုင်းရင်းသားများ အကြား သွေးကွဲပြီး ပြည်ထောင်စုကြီးပါပြိုကွဲသွားအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိရာ ယင်းအန္တရာယ်များကို တာဝန်ထမ်းဆောင်ရာတွင် မမေ့မလျော့သည့်သတိ ထားရှိကာကွယ်သွားရန်လိုကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် အနာဂတ်ကာလကိုမျှော်မှန်းလျက် စီမံခန့်ခွဲမှုယန္တရား၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တို့နှင့် ညီညွတ်သည့် ပြည်သူများအပေါ် ကူညီစောင့်ရှောက်ပေးနိုင်မည့် စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ် လာစေရန် အလေးထားဆောင်ရွက်နေချိန်တွင် နယ်စပ်ဒေသများ၌ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင်၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာ အောင်၊ တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ်ထွန်းကား ပြန့်ပွားနေအောင်ဆောင်ရွက်ရင်း နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာအောင် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာဖြင့် ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့သည် ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကြကြောင်း သတင်း ရရှိသည်။
(သတင်းစဉ်)

## ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၁

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၁၆) ဆင်းပွဲနှင့်ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)မှ ဘွဲ့ရရှိသူများအား အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးဇော် မင်းသိန်း၊ပြည်နယ်နှင့်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ မှ ကိုယ်စားလှယ်များ၊ တက္ကသိုလ် ပညာရေးအဖွဲ့ဝင်များ၊ ဆရာဆရာမ များ၊ ဧည့်သည်များ၊ သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏ မိဘ ဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဦးဌေးလွင်က အလယ်တန်းဆရာ အတတ်သင်တန်းအမှတ်စဉ်(၁၆)နှင့် ပတ်သက်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်း သိန်းက အလယ်တန်းဆရာ အတတ် သင်တန်း အမှတ်စဉ်(၁၆)ဆင်း သင်တန်းသား၊ သင်တန်းသူ ၅၁ဦး တို့အား သင်တန်းဆင်းလက်မှတ် များကိုပေးအပ်ပြီး ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများမှ ကိုယ်စားလှယ်များက ပညာရေးဘွဲ့လေးနှစ်သင်တန်းအမှတ် စဉ်(၃၈)မှ ဘွဲ့ရများအား အလုပ်ခန့် အပ်လွှာများကို ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စု တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၁၆)မှ ထူးချွန်ဆုရရှိသူများ အား ဆုများကိုချီးမြှင့်ကာ သင်တန်း ဆင်းအမှာစကားပြောကြားပြီး အခမ်း အနားကို ညနေ ၃နာရီတွင် ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

**ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်း ဆရာအတတ် သင်တန်း အမှတ်စဉ်(၁၆)ဆင်းပွဲ နှင့်ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)မှ ဘွဲ့ရရှိသူများ အား အလုပ်ခန့်အပ်လွှာပေးအပ် ပွဲတွင် ပါမောက္ခချုပ် ဦးဇော်မင်း သိန်း သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ် စဉ်။**
(သတင်းစဉ်)



**➪ ရန်ကုန်တိုင်းမှ**

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လှိုင်သာယာစက်မှုမြို့မှ စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်က ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း စက်မှုဇုန်များတည်ရှိမှုအခြေအနေ၊ စက်မှုဇုန်များ၏ အခြေခံအချက်အလက်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအောက်ရှိ စက်မှုဇုန်များအလိုက် ရင်းနှီးမြှုပ်နှံမှုတို့နှင့်စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က လှိုင်သာယာစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များအား နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး လှိုင်သာယာစက်မှုမြို့နှင့်စပ်လျဉ်းသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေပြည်သာစက်မှုမြို့ အပိုင်း(၂)၊ (၃) နှင့် (၄) စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းသန်းဌေးက ရွှေပြည်သာစက်မှုဇုန်နှင့် စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားထွက်ရှိမှု အခြေအနေ၊ ရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှု၊ ယခင်စက်မှုဇုန်များအား လျှပ်စစ်ဓာတ်အားပေးမှု မျှမျှတတဖြစ်အောင် ဆောင်ရွက်ပေးမှု၊ စက်မှုဇုန်များရှိ စက်ရုံများသို့ ညပိုင်းတွင် လုပ်ငန်းများလုပ်ကိုင်နိုင်ရေးအတွက် လျှပ်စစ်မီးတိုးချဲ့ဖြန့်ဝေသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်တိုင်း၏ အသားတင်ထုတ်လုပ်မှု၊ ယင်းအနက် ၃၀ ရာခိုင်နှုန်းမှာ စက်မှုကဏ္ဍမှဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် လျှပ်စစ်ဓာတ်အားပိုမိုရရှိလာသဖြင့် စက်မှုဇုန်များမှ ကုန်ထုတ်လုပ်မှု ပမာဏမြင့်မားလာကြောင်း၊ အချို့စက်ရုံများမှ ထုတ်လုပ်သော စက်ပစ္စည်းများကို အချို့စက်ရုံများက မသိရှိသည့်အတွက် စက်ပစ္စည်းအစိတ်အပိုင်းအချို့ကို ပြည်ပမှ မှာယူတင်သွင်းနေရကြောင်း။

ယင်းကြောင့် မိမိတို့စက်ရုံများမှထွက်ရှိသော ပစ္စည်းများနှင့် အရည်အသွေးတို့ကို စုပေါင်း၍စာအုပ်ထုတ်ပြီး Websiteတွင် တင်ထားပါက ပြည်တွင်းမှာသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စက်မှုလုပ်ငန်းရှင်များက ဝိုင်းဝန်းကူညီသွားကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက စက်မှုဇုန်များထူထောင်မှု၊ သီလဝါစက်မှုဇုန်ထူထောင်မည့်အခြေအနေ၊ စက်မှုဇုန်အတွင်းရှိ လမ်းများပြုပြင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့မှာ စီးပွားရေးမြို့တော်ဖြစ်ပြီး ရန်ကုန်တိုင်း၏ စီးပွားရေးအောင်မြင်ဖြစ်ထွန်းပါက နိုင်ငံတော်၏စီးပွားရေးအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ရာ စက်မှုလက်မှုလုပ်ငန်းရှင်များက ပါဝင်ပံ့ပိုးကူညီပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ကလည်း လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း။

စက်မှုလက်မှုလုပ်ငန်းရှင်များက ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယင်းအတွက် စက်မှုကဏ္ဍကို တိုးတက်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှာ လယ်ယာကဏ္ဍကိုအခြေခံသောနိုင်ငံဖြစ်ရာ လယ်ယာကဏ္ဍကို လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရမည်ဖြစ်ရာ လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးတက်ထုတ်လုပ်သွားရန်လိုကြောင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များက မိမိတို့အကျိုး၊နိုင်ငံတော်အကျိုးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြစေလိုကြောင်းဖြင့်မှာကြားပြီး တွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန် အပိုင်း (၁၀) ဦးထွန်းညိုလမ်းရှိ အဏ္ဏဝါလွှမ်း ကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြပြီး စက်ရုံအတွင်း ငါးမြစ်ချင်း၊ ငါးဘတ်၊ ငါးကြင်း၊ ငါးတန်၊ တီလားပီးယားနှင့် ငါးကျောင်းငါးများအား ပြည်ပဈေးကွက်သို့ တင်ပို့ရန်အတွက် ထုပ်ပိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဗန်းမော်အတွင်းဝန်လမ်းရှိ "ခိုင်"သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း၌ ပရိဘောဂပစ္စည်းများကို စက်ယန္တရားများသုံး၍ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ မင်းကြီးမဟာမင်းခေါင်လမ်းရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၌ စံချိန်စံညွှန်းနှင့်အညီ သဘာဝဆေးဝါးအမျိုးအစားပေါင်း ၅၄မျိုး တို့ကို ခေတ်မီစက်ကိရိယာများသုံး၍ ထုတ်လုပ်နေမှုနှင့် သိုလှောင်ရုံများအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာစက်မှုဇုန်(၃) တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်းရှိ Fair Sun Mould and Die Industryသို့ရောက်ရှိပြီး စက်ကိရိယာသုံးမိုလ်နှင့် ဒိုင်များအား ကွန်ပျူတာစနစ်အသုံးပြုပြီး စက်ယန္တရားများနှင့်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

**❒ ကျော့ဖုံးမှ**

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကွန်ပျူတာနည်းပညာ အသုံးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးစား တည်ဆောက်နေကြရာတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူများ၏ လူမှုဘဝပြည့်စုံတိုးတက်ကောင်းမွန်လာစေရန်တို့အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍသည် အရေးကြီးသည့် မောင်းနှင်အားတစ်ခုဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**သတင်းအချက်အလက်နှင့် e-Government လုပ်ငန်း၏ အခြေခံအဆောက်အအုံတစ်ခုအဖြစ် ဝန်ကြီးဌာနအားလုံးအတွက် Data Center တစ်ခုကို တည်ဆောက်ခဲ့ပြီး Fiber လိုင်း၊ မြန်နှုန်းမြင့်လိုင်းတို့ဖြင့် အစိုးရဌာနများအကြား 100 MB မြန်နှုန်းဖြင့် ချိတ်ဆက်သုံးစွဲနေပြီဖြစ်ကြောင်း။**

**၎င်းတည်ဆောက်ခဲ့သည့် Infrastructure များသည် စကားပြောဆိုဆက်သွယ်နိုင်ရုံသာမက Video, Image စသည့် Data များပါ ပေး၍ ဖလှယ်၍ရသည့် ဆက်ကြောင်းများဖြစ်ကြောင်း၊ ၎င်းသည်တို့မှာ IT ကို အသုံးချနိုင်ရန် Digital Divide ကွာဟချက်ကို ကျဉ်းမြောင်းစေရန် နိုင်ငံတော်က ဦးစီးဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်ကြောင်း။**

ယခုကဲ့သို့ နိုင်ငံနှင့်အဝန်း တည်ဆောက်ပြီးစီးခဲ့သည့် ဆက်ကြောင်းများကိုအခြေခံပြီး ပြည်သူများ၏ ICT အသုံးချနိုင်မှု စွမ်းရည်မြင့်မားလာစေရေးအတွက် Public Access Center (PAC) များကို လိုက်ဖက်ညီစွာ တိုးချဲ့တပ်ဆင်ပေးလျက်ရှိကြောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလအထိ PACပေါင်း ၁၃၄ ခု ဖွင့်လှစ်ပေးခဲ့ပြီး နောက်ထပ် ၂၀၀ ကျော်ကို ထပ်မံဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ ဖွင့်လှစ်ခဲ့သည့်အချိန်အထိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ပြုစုပြီး Catalogue စနစ်နှင့် e-Book ပေါင်း ၄၀၀၀ ကျော်၊ ပညာရေးဝန်ကြီးဌာနမှ e-Book ၃၃၀၀ ကျော်၊ အမျိုးသားစာကြည့်တိုက်မှ ၅၀၀ ကျော်၊ Reference Library မှ Ph.D., M.Sc, M.A ကျမ်းပြုစာတမ်းပေါင်း ၁၀၀၀၀ ကျော်နှင့် ပိဋကတ်သုံးပုံ ကျောက်စာ ၇၂၉ ချပ်ကို ဘာသာခြောက်မျိုးဖြင့်လည်းကောင်း၊ Myanmar Book Centre မှ တစ်နှစ်စာအခမဲ့လှူဒါန်းသော Database e-Journals (Full Text) ၂၇၀၀ကျော်၊ e-Books ၂၆၀၀ ကျော်၊ Articlesစုစုပေါင်း လေးသန်းခန့်ဖြင့် စတင်မည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး တက္ကသိုလ် ၁၅ ခု၌လည်း စာအုပ်ပေါင်း ၃၀၀၀၀၀ ကျော်ကို Digitization ပြုလုပ်၍ Contents များအဖြစ် ထပ်မံထည့်သွင်းသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

e-Libraryစနစ်သည် Knowledge ကို အခြေခံသော Website ဖြစ်ပြီး ခေတ်လူငယ်မှာ Information ကိုအခြေခံသည့် Webportal ဖြစ်ကြောင်း၊ Contents များကို နေ့စဉ် Update လုပ်နေမှာဖြစ်ပြီး ဗဟုသုတနှင့် သတင်းအချက်အလက်များအပြင် ဖျော်ဖြေရေးနှင့် အခြားဝန်ဆောင်မှုများကိုပါ ပေးနိုင်မည်ဖြစ်ကြောင်း၊ သတင်းစာ၊ ဂျာနယ်များ ဖတ်နိုင်သကဲ့သို့ သီချင်းများလည်း နားထောင်နိုင်မည်ဖြစ်ကြောင်း၊ ပညာရေးအတွက် Distance Learning များအပြင်သင်တန်းဝင်ခွင့်လျှောက်လွှာများကို Online ၌ တင်နိုင်သကဲ့သို့ ဟိုတယ်Reservation နှင့် လေယာဉ်လက်မှတ်များကို Online Booking လုပ်နိုင်၊ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသားအားလုံးအတွက် လိုအပ်သောသတင်း အချက်အလက်များကို ဖြည့်ဆည်းပေးနိုင်သည့် Home Sweet Home Portal တစ်ခုဖြစ်လာအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း။

ယခုဖွင့်ပွဲတွင် ပြသထားသမျှသည် စတင်သည့် အဆင့်သာဖြစ်ကြောင်း၊ ဆက်လက်ပြီး ပြည့်စုံသည်ထက်ပြည့်စုံအောင်၊ ကောင်းသည်ထက်ကောင်းလာအောင် အဆင့်လိုက်ဆက်လက်ဆောင်ရွက်သွားရန် စီမံပြီးဖြစ်ကြောင်း၊ လူငယ်များအကျိုးရှိစေမည့် ဝန်ဆောင်မှုများကို ထပ်မံထည့်သွင်းရန် အစဉ်ကြိုးစားနေမည်ဖြစ်ပြီး ဝိုင်းဝန်းအကြံပေးရန်လည်း ဖိတ်ခေါ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အွန်လိုင်း စာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Websiteအကြောင်းကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် အွန်လိုင်းစာကြည့်တိုက်စနစ် e-Library သို့ လှူဒါန်းသည့် ပိဋကတ်သုံးပုံကျောက်စာများအကြောင်းကို Alpha Computerမှ ဦးရဲမြတ်သူကလည်းကောင်း၊ e-Books များအကြောင်းကို Myanmar Book Centre မှ ဒေါက်တာသန့်သော်ကောင်းက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခေတ်လူငယ် Youth Website ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် နည်းပညာပေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် အနုပညာရေးရာ၊ လူငယ်နှင့် စာအုပ်စင်၊ လူငယ်နှင့်စတိုင်၊ လူငယ်နှင့် အလုပ်အကိုင် စသည့် Youth Website ထည့်သွင်းထားသည်များကို ဗီဒီယိုဖြင့် ထပ်မံရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အလှူရှင် နှစ်ဦးဖြစ်သည့် Alpha Computerမှ ဦးရဲမြတ်သူနှင့် Myanmar Book Centre မှ ဒေါက်တာသန့်သော်ကောင်းတို့အား ဂုဏ်ပြုလွှာများကို ပေးအပ်သည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို တစ်ပြိုင်တည်း ကျင်းပနေသည့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှနေ၍ ရန်ကုန်တက္ကသိုလ်ကွန်ပျူတာသိပ္ပံပညာဌာနမှ ကထိက ဒေါ်စိုးမြမြအေးက e-Library နှင့် ခေတ်လူငယ် Youth Website ဖွင့်လှစ်နိုင်ခြင်းနှင့် စပ်လျဉ်း၍ Video Conferencing စနစ်ဖြင့် ကျေးဇူးတင်စကားကို တိုက်ရိုက်ပြောကြားသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တက်ရောက်လာကြသူများသည် အစည်းအဝေးခန်းမအတွင်းနှင့် ဝန်ကြီးရုံး အဝင်ခန်းမဆောင် တို့၌ ခင်းကျင်းစီစဉ် ပြသထားသည့် အွန်လိုင်းစာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Websiteနှင့် စပ်လျဉ်းသည့် ပြကွက်များ၊ လက်တွေ့အသုံးပြုနိုင်မှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

e-Library နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဖုန်း–၅၃၄၉၇၉သို့လည်းကောင်း၊ ခေတ်လူငယ် Youth Websiteနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info Tech ဖုန်း–၅၀၇၁၅၆သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီးများ ခင်းကျင်းပြသထားသည့် အွန်လိုင်းစာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Website နှင့် စပ်လျဉ်းသည့် ပြကွက်များကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## အေးမြချမ်းသာ မဟာစည်ရိပ်သာကျောင်းတိုက် သင်္ကြန်အထူးတရားစခန်း ဖွင့်မည်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်အထူးတရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တ သီရိဓမ္မ (B.A ပါဠိဂုဏ်ထူး)နှင့်ဆရာတော်များက ဧပြီ ၇ရက်မှ ၁၇ရက်အထိ ဟောကြားပြသမည်ဖြစ်၍ ဒုလ္လဘရဟန်း၊ သီလရှင်ယောဂီများ ကြိုတင်စာရင်းသွင်း၍ ယောဂီများ ဧပြီ ၇ရက် ညနေ ၄နာရီအရောက် သတင်းပို့ကြရန်နှင့် ရိပ်သာဖုန်း –၀၁–၅၈၅၀၄၃ သို့ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (က–ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၂–၃–၂၀၀၇ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈း၁၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၂၀ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၃၀ | ၈။ | International News. |
| ၈း၄၅ | ၉။ | Grammar Made Easy. |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ) |
| ၄း၄၅ | ၄။ | အကပဒေသာ |
| ၄း၅၅ | ၅။ | မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံများ |
| ၅း၁၀ | ၆။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၂၀ | ၇။ | တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၅း၃၅ | ၈။ | **"လှေကားသုံးထစ် ဆင်းတဲ့အခါ" (အရိုင်း၊ မင်းသူ၊ အေးသီတာ) [ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)]** |
| ၅း၄၅ | ၉။ | တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၂။ | အလှရှာမယ်လှကမ္ဘာဝယ် |
| ၇း၀၀ | ၁၃။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ "နာမည်ကျော်ကြား စစ်ကိုင်းမြို့မှ ကြိမ်ထည်လက်ရာများ" |
| ၇း၁၀ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာဘဝပင်ခြားသော်လည်း" (အပိုင်း–၂)** |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း–၃၀)** |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

# ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် ရတနာပြပွဲ ကြည့်ရှုအားပေး ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၃၁၅၈ ဦး ရောက်ရှိ

ရန်ကုန် မတ် ၁၁

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ပြပွဲဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိသည့် ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်တို့သည် ပြပွဲ ဗဟိုကော်မတီဝင်များလိုက်ပါလျက် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက တင်ဒါ အဆိုပြုလွှာများ ဖြည့်သွင်းနေမှုနှင့် တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုများကိုလည်းကောင်း၊ ခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း အရည်ကျောက်နှင့် ကျောက်စိမ်းအထည်ကျောက် အရိုင်းတုံးများကိုလည်းကောင်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ ဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း အရည်ကျောက်နှင့် ကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးကြပြီး ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းနိုင်ငံသားရတနာကုန်သည် ၁၂၅၃ ဦးနှင့် ပြည်ပရတနာကုန်သည် ၁၉၀၅ ဦး စုစုပေါင်း ရတနာကုန်သည် ၃၁၅၈ ဦးတို့ ရောက်ရှိနေကြပြီဖြစ်သည်။

ကျောက်မျက်ရတနာ အတွဲပေါင်း ၃၈၀ ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၂ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ၏ ကျောက်စိမ်းအတွဲများ ပြသရောင်းချမှုကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား မတ် ၈ ရက်မှ ၁၂ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၅၈၅၈ တွဲကို ကြည့်ရှုလေ့လာ ခွင့်ပြုထားပြီး မတ် ၁၃ရက်မှ မတ် ၂၀ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပြည်ပမှ ရတနာကုန်သည်များသည် မတ် ၁၂ရက်တွင် ဆက်လက်ရောက်ရှိကြဦးမည်ဖြစ်သည်။ (သတင်းစဉ်)

**၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းများအား တွေ့ရစဉ်။** (သတင်းစဉ်)



**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## ပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် ဆက်သွယ်လှူဒါန်းနိုင်

**ရန်ကုန် မတ် ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်နှင့် တိုင်းများမှ အလှူရှင်များ၊ စေတနာရှင်များ၊ အသင်းအဖွဲ့များ၊ ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလွံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး နာယက မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင် ဖုန်း-၀၅၇-၂၁၈၇၇၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄နှင့် ဖုန်း-၀၅၇- ၂၁၃၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

# (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ရွှေပေါက်ကံမြို့လုံးကျွတ် ရေအောင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

**(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရွှေပေါက်ကံမြို့သစ် မြို့လုံးကျွတ်ရေအောင်ပွဲ၊ ညောင်ရမ်းလမ်း ကတ္တရာကျောက်ချောလမ်းဖွင့်ပွဲနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကို ယနေ့ နံနက်က ပုဂံလမ်းနှင့် ညောင်ရမ်းလမ်း မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်အားပေးပြီး မင်္ဂလာရေပိုက်ဖဲကြိုးကို ဖြတ်၍ ဖွင့်လှစ်ပေးသည်။**

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ အရှေ့ပိုင်းခရိုင် အတွင်းရေးမှူး ဦးဇော်အောင်၊ မြောက်ဥက္ကလာပမြို့နယ် အတွင်းရေးမှူး ဦးကျော်ကျော်စိုး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ ရေသွယ်ယူရေးဥက္ကဋ္ဌ ဦးလှိုင်မင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ တက်ရောက်ကြသည်။

မင်္ဂလာအချိန် ကျရောက်သည်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ် အမှုဆောင်များဖြစ်ကြသော မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မင်္ဂလာဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် ငမိုးရိပ်၊ ဂျိုးဖြူရေပိုက်ကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ကတ္တရာကျောက်ချောလမ်းဖြစ်သည့် အကျယ် ၁၈ပေ၊ အရှည်ပေ ၂၄၅၀ ရှိသည့် ညောင်ရမ်းလမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယအပိုင်း အစီအစဉ်ကို ရွှေပေါက် ကံမြို့သစ် ကွပ်ကဲရေးရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံများအား မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရေသွယ်ပေးရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ ၂၃၉၇ စောင်ကို လက်ခံရယူပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ရေအောင်ပွဲ ဂုဏ်ပြုအလံများပေးအပ်ကာ ရွှေပေါက်ကံမြို့သစ်နေ ပြည်သူတစ်ဦးက ရွှေပေါက်ကံမြို့သစ်နေ ပြည်သူများကိုယ်စား ငမိုးရိပ် ဂျိုးဖြူရေ ရရှိသည့် အောင်ပွဲအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ (၁၉)



## ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများ ရွှေပေါက်ကံမြို့သစ် မြို့လုံးကျွတ် ရေအောင်ပွဲကို မင်္ဂလာဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (၁၉)

## လားရှိုးမြို့၌ မီးလောင်

**ရန်ကုန် မတ် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁) ရပ်ကွက်ရှိ ဆောက်လုပ်ရေး ခြောက်ခန်းတွဲ တန်းလျား၌ မတ် ၁၁ ရက် နံနက် ၁နာရီကျော်ခန့်တွင် လျှပ်စစ်မီး ဝါယာရှော့မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ယင်းခြောက်ခန်းတွဲ တန်းလျားတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု လေးစု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်မှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ကြည့်ရှုအားပေး

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်(၄၅)လမ်းရှိ ဝိုင်အမ်စီအေခန်းမသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်း ခရိုင်နှင့်မြို့နယ်များ၌ နှစ်အလိုက်၊ လအလိုက် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု၊ ဗိုလ်တထောင်မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တိုင်းမှူးက ပြည်သူလူထု ပူးပေါင်းပါဝင်သော ကျန်းမာရေးစနစ်ဖြစ်ထွန်း အောင်မြင်စေရေးအတွက် ပြည်သူတစ်ဦးချင်းက ကျန်းမာရေးအသိပြည့်ဝစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ရေစီး ရေလာကောင်းမွန်ရေးလုပ်ငန်းများကို စနစ်တကျပိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးဖျန်းနေမှုနှင့် ကျန်းမာရေးပညာပေးဟောပြောမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက်အတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျန်းမာရေးပညာပေး ဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် လမ်းမတော်မြို့နယ် (၃)ရပ်ကွက်နှင့် (၄) ရပ်ကွက် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းတစ်လျှောက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေမှုနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကလောမြို့ ဓမ္မရောင်ခြည်မဟာစည် သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၁၁**

ကလောမြို့ ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာတွင် တတိယအကြိမ်မြောက် လူငယ်များ ယဉ်ကျေးမှုသင်တန်း တရားစခန်းကို မတ် ၂၉ ရက်မှ ဧပြီ ၇ ရက်အထိလည်းကောင်း၊ (၂၁)ကြိမ်မြောက် လူကြီးတရားစခန်းကို ဧပြီ ၁၀ ရက်မှ ၂၅ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူလျက် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာမှ ဆရာတော်များဖြစ်ကြသည့် ဦးပညာဇောတ(ဓမ္မာစရိယ)နှင့် ဦးဓမ္မလင်္ကာရ(ဓမ္မာစရိယ) တို့က တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။

လူငယ်တရားစခန်းဝင်လိုသူများသည် မတ် ၂၈ ရက် နောက်ဆုံးထား၍လည်းကောင်း၊ လူကြီး တရားစခန်းဝင်လိုသူများသည် ဧပြီ ၉ ရက် နောက်ဆုံးထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ဆေးဝါးများလှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာ (၃)ရပ်ကွက် ကလောမြို့ ဖုန်း-၀၈၁၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် (၅)ရပ်ကွက် ကလောမြို့၊ ဒေါ်နုနု(နုရတနာရွှေဆိုင်) (၄)ရပ်ကွက် ကလောမြို့၊ ဦးမျိုးထွန်း(ပြည့်စုံစတိုး) (၃)ရပ်ကွက် အောင်ပန်းမြို့၊ ဆရာမဒေါ်တင်တင်နွယ် (၁)ရပ်ကွက် အောင်ပန်းမြို့၊ ဦးမောင်မောင်(မိုးမိတ္တူ) (၁)ရပ်ကွက် အောင်ပန်းမြို့ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# နွေရာသီ ဘော့စ်ဘော သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၁၁**

အားကစားဝန်ကြီးဌာနက ကြီးမှူး၍ ၂၀၀၇ခုနှစ် နွေရာသီ အားကစားသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ အခြေခံ ဘော့စ်ဘော သင်တန်းကို အားကစား သိပ္ပံဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဘော့စ်ဘောအဖွဲ့ချုပ် ဘော့စ်ဘောကွင်းတွင် အခမဲ့ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ အသက်(၁၂)နှစ်မှ (၁၅)နှစ် အတွင်းရှိ စိတ်ပါဝင်စားသူလူငယ်များ တက်ရောက်နိုင်ပြီး သင်တန်းသားစာရင်းများကို အဖွဲ့ချုပ်ရုံး အမှတ် ၂၆ သံလွင်လမ်း ဗဟန်းမြို့နယ် ဖုန်း-၇၂၄၃၄၃၊ ၅၃၅၀၂၈၊ အထွေထွေအတွင်းရေးမှူးရုံး ဖုန်း-၇၀၃၆၈၃၊ ၂၄၀၇၅၂၊ ၃၈၅၀၆၀၊ ၀၉၅၁၇၄၀၇၈တို့နှင့် Bandwidth Internet Center အမှတ် ၁၆၄၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ Hexagon Internet Center အမှတ် ၁၀၈၊၂၂လမ်းလသာမြို့နယ်၊Myanmar Technology Zone Computer Training Center အမှတ် (၁၇၈) အနော်ရထာလမ်း ရွှေတောင်တန်းလမ်းထိပ် လမ်းမတော်မြို့နယ်တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

## အင် တာ နက် အား က စား သ တင်း များ

# အက်ဖ်အေဖလား ဆဋ္ဌမအကျော့ ချယ်လ်ဆီးနှင့်စပါး သရေကျ

မတ် ၁၁ ရက်က လန်ဒန်ရှိ စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းတွင် ကျင်းပသော အက်ဖ်အေဖလား ဆဋ္ဌမအကျော့ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဆော်လ်မွန်ကာလူး(ယာ)နှင့် စပါးအသင်းမှ တီမူးတိုင်နီယိုတို့ ဘောလုံးယှဉ်လုကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)



**လန်ဒန် မတ် ၁၁**

အင်္ဂလိပ် အက်ဖ်အေဖလား ဆဋ္ဌမအကျော့ပွဲအဖြစ် ချယ်လ်ဆီးအသင်းနှင့် တော့တင်ဟမ်ဟော့စပါး အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် သုံးဂိုးစီဖြင့် သရေကျခဲ့ကြသည်။

ချယ်လ်ဆီးအသင်းသည် ပွဲပြီးဆုံးခါနီးတွင် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခြင်းဖြင့် ရှုံးနိမ့်ရမည့် အရေးမှ ရှောင်လွှဲနိုင်ခဲ့သည်။

ပွဲချိန် ၅ မိနစ်တွင် စပါးအသင်းမှ ကာဘောတော့ဗ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၂၂ မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ဖရန့်ခ်လမ်းပတ်က ချေပဂိုးသွင်းယူသည်။

ပွဲချိန် ၂၈ မိနစ်တွင် အက်စီယန်က ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ စပါးအသင်း ဒုတိယမြောက်ဂိုးကိုရရှိခဲ့သည်။ ပွဲချိန် ၃၆ မိနစ်တွင် ဂါလီက စပါးအသင်းအတွက် ဂိုးသွင်းပေးနိုင်သည်။

ပွဲချိန် ၇၁ မိနစ်တွင် ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက် ချေပဂိုးကို လမ်းပတ်ခ်ကပင် သွင်းယူနိုင်သည်။ ပွဲချိန် ၈၆ မိနစ်တွင် ကာလူး၏ ဂိုးဖြင့် ချယ်လ်ဆီးအသင်း တတိယမြောက်ဂိုး ရရှိခဲ့သည်။ ***အင်တာနက်***

မတ် ၁၀ ရက်က ကျင်းပသည့် လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ဟက်ထရစ် ရရှိသူ လီယွန်နယ် မက်စီ။ (ဓာတ်ပုံ-အင်တာနက်)



# လာလီဂါ ဘောလုံးပြိုင်ပွဲတွင် မက်စီ တစ်ဦးတည်း သုံးဂိုးသွင်းနိုင်

**ဘာစီလိုနာ မတ် ၁၁**

စပိန်လာလီဂါဘောလုံးပြိုင်ပွဲအဖြစ် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မဒရစ်အသင်းတို့ စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် စနေနေ့က ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့ကြသည်။ ယင်းပွဲတွင် ဘာစီလိုနာအသင်းမှ ဆယ်ကျော်သက်ရွယ် ဘောလုံးသမားလီယွန်နယ် မက်စီ တစ်ဦးတည်းက သုံးဂိုးဆက်တိုက်သွင်းယူကာ ဟက်ထရစ် ရရှိသည်။

အာဂျင်တီးနားလူမျိုး တောင်ပံဘောလုံးသမား မက်စီသည် တစ်ဦး ထုတ်ပယ် ခံခဲ့ရပြီးနောက် ၁၀ဦးတည်းဖြင့် ဆက်လက်ကစားခဲ့ရသော ဘာစီလိုနာအသင်းကို ဒဏ်ရာရအစားဖြည့်အချိန်ပိုတွင် ကယ်တင်ပေးနိုင်ခဲ့သည်။

ယခုပွဲသည် မက်စီအတွက် ခြေစွမ်းအပြနိုင်ဆုံးပွဲ တစ်ပွဲပင်ဖြစ်ကြောင်း၊ ၎င်း၏ ကြိုးပမ်းချက်ကြောင့် မိမိတို့ ရှုံးနိမ့်ရမည့်အရေးမှ ရှောင်ရှားနိုင်ခဲ့ကြောင်း ဘာစီလိုနာနည်းပြ ဖရန့်ခ်ရစ်ကတ်က ပြောကြားသည်။ ***အင်တာနက်***

# အသင်းခေါင်းဆောင် ဂျွန်တယ်ရီ ပြန်လည်ကွင်းခိုင်လာ

**လန်ဒန် မတ် ၁၁**

ချယ်လ်ဆီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နောက် ပြန်လည်ကွင်းခိုင်လာပြီဖြစ်ရာ ဗုဒ္ဓဟူးနေ့တွင် မန်ချက်စတာစီးတီး အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင်ဖော်ပြသည်။

တယ်ရီသည် ကားလင်းဖလား ဗိုလ်လုပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နောက် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်တွင် ဘောလုံးကစားနိုင်ခြင်းမရှိခဲ့ပေ။ အာဆင်နယ်အသင်းမှ အဘူဒါဘီက တယ်ရီ၏ဦးခေါင်းကို ကန်ကျောက်မိရာမှ ထိခိုက်ဒဏ်ရာရရှိခြင်း ဖြစ်သည်။

တယ်ရီသည် ပုံမှန်လေ့ကျင့်ကစားနိုင်ပြီဖြစ်ကြောင်း မန်စီးတီးအသင်းနှင့် ကစားရမည့်ပွဲတွင် ၎င်းပါဝင်နိုင်မည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်း နည်းပြ ဟိုဆေးမော်ရင်ဟိုက ပြောကြားသည်။ ***အင်တာနက်***



ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ကွင်းလယ် ကစားသမား ဂျိုးကိုးလ်။ (ဓာတ်ပုံ-အင်တာနက်)

# ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲတွင် ဂျိုးကိုးလ် ပါဝင်ကစားနိုင်ဖွယ်

**လန်ဒန် မတ် ၁၁**

ထိခိုက်ဒဏ်ရာရရှိခဲ့သော ကွင်းလယ်ကစားသမား ဂျိုးကိုးလ်သည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲတွင် ပါဝင်ကစားရန် အချိန်မီ ကွင်းခိုင်လာမည်ဟု မျှော်လင့်ရကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ချယ်လ်ဆီးအသင်းမှ ဂျိုးကိုးလ်သည် အင်္ဂလန်အသင်း၏ လက်ရွေးစင်ဘောလုံးသမား တစ်ဦးလည်းဖြစ်ပြီး လက်ရှိဘောလုံးရာသီတစ်လျှောက်လုံး နီးပါး ဘောလုံးကစားနိုင်ခဲ့ခြင်းမရှိပေ။ ၎င်းသည် ခြေထောက်အရိုးကျိုးသည့် ဒဏ်ရာအတွက် ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။

လာမည့်လတွင် ဗလင်စီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ဘောလုံးပွဲ၌ မိမိ ပါဝင်ကစားနိုင်မည်ဟု မျှော်လင့်ကြောင်း ဂျိုးကိုးလ်က ပြောကြားသည်။

***အင်တာနက်***

# ဂုဏ်ပြုဆုတောင်းလွှာ

FAME Pharmaceuticals သည် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့ ISO မှ သတ်မှတ်ထားသည့် စနစ်နှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည့်အတွက် ISO 9001:2000 (Quality Management System) လက်မှတ်ကို (၁၀. ၁၀. ၂၀၀၂) တွင်ရရှိခဲ့ပြီး၊ ISO 14001: 2004 (Environmental Management System) လက်မှတ်နှင့် OHSAS 18001:1999 (Occupational Health and Safety Assessment System) လက်မှတ်တို့ကို ၂၇.၁၂.၂၀၀၆ တွင် ထပ်မံ ရရှိခဲ့သည့်အတွက် **ဒေါက်တာခင်မောင်လွင် နှင့် ဒေါက်တာခင်ခင်ဌေး** တို့နှင့်အတူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အနာဂတ်တွင်လည်း တိုးတက်ကြီးပွားအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာသန့်လွင်မောင် ၊ ဒေါ်အေးမြင့်ကြည် (Silta Lumbini & Lumbini Academy)
ဦးမိုးအောင်မြင့် **MD** ( Eastern Pro Enterprises Ltd.)
Mr.Park , Seung Rae **MD** (Myanmar Real International Co., Ltd.)
ဦးမြင့်နိုင် **MD** (Great International Co., Ltd.)
ဦးအောင်ရွှေ **MD** (Taile Steel Furniture Production & Machinery Trading)
ဦးဝင်းလွင် **MD** (Universal Stainless Steel Enterprise)
ဦးအောင်မိုး **MD** (Forward Installation, Decoration & Construction)
ဦးမင်းဇော်ဦး **MD** ၊ ဒေါ်ဥမ္မာတင် **Director** (Super Crown Plastic Industry)
ဦးအောင်နိုင် **MD** (Win Win Trading Co.,Ltd.) ၊ ဒေါက်တာခင်ခင်လေး **Director** (Smile World Co., Ltd.)
ဦးတင်မြင့် **MD** (Shin Kong Co.,Ltd.)၊ ဒေါ်ခင်ခင်ချို **Director** (Smile & Joy Co.,Ltd.)


**ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် စာအောင်သံဃာ ဂုဏ်ပြုပွဲ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဘဒ္ဒန္တ သောဘနဂုဏ်ပြုပွဲနှင့် ဘဒ္ဒန္တ ကောသလ သက်တော် (၈၀)ပြည့် မွေးနေ့ပွဲကို မတ် ၁၁ရက်က ပြုလုပ်ရာ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဘဒ္ဒန္တ သောဘနအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုက လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။** (၂၃)



## ဘွဲ့တံဆိပ်တော်ရ ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ဆရာတော်အား ချီးကျူးပူဇော်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၁**

နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ နာရိန္ဒာစာရအား ချီးကျူးပူဇော်ပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ဒက္ခိဏာရုံ ကျောင်းတိုက်၌ ကျင်းပရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာမိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ ထေရုပ္ပတ္တိကို လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ သာသနာပြု ဆရာတော် တိပိဋကဓရ နှစ်ပုံဆောင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇောတလင်္ကာရက ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ ဂုဏ်ကျေးဇူးကို လည်းကောင်း၊ ဒက္ခိဏာရုံ ကျောင်းတိုက်မှ ဘဒ္ဒန္တ တိလောကက ထုတိထောမနာမင်္ဂလာဂါထာများကို လည်းကောင်း၊ ဒက္ခိဏာရုံ ကျောင်းတိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ ဥတ္တရက ထုတိထောမနာ ဂုဏာဘိတ္ထဝအာသီသ ဂါထာများကို လည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ယင်းနောက် ဒက္ခိဏာရုံ ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင်က ဘွဲ့တံဆိပ်တော်ရ ဆရာတော် အတွက် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၈၆၇၁၀၀ကို ဆရာတော်ကြီး၏ ကပ္ပိယဖြစ်သူ ကြို့ပင်ကောက်မြို့နယ်အသင်းမှ ရွှေသမင်ဆေးတိုက်ပိုင်ရှင် ဦးစိုးမင်းဦး (ကြို့ပင်ကောက်) အား ပေးအပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် ပဓာနနာယက ဆရာတော်အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တ နာရိန္ဒာစာရအား ချီးကျူးပူဇော်ပွဲတွင် ဆရာတော်ထံ ဒက္ခိဏာရုံကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင်နှင့် ကြို့ပင်ကောက်မြို့နယ်အသင်းမှ ရွှေသမင်ဆေးတိုက်ပိုင်ရှင် ဦးစိုးမင်းဦး(ကြို့ပင်ကောက်)တို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ၊ မဟာဗောဓိစေတီတော်မြတ် ပုံစံတူ ဗုဒ္ဓဂယာ မဟာဗောဓိသိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ် ဆောက်လုပ်ရန်အတွက် ကျေးဇူးရှင် ဖခင်ကြီး ဦးငွေရင်-မိခင်ကြီး ဒေါ်တင်တင်ညွန့်တို့အား ရည်စူး၍ ရန်ကုန်မြို့ မြေနီကုန်း စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်)ရပ်ကွက် မြေနုလမ်းနေ သမီး မမိုးစန္ဒာရင်၊ မြေး ခိုင်ဇင်လင်း မိသားစုက အလှူတော်ငွေကျပ် ၇၀၀၀၀၀ကို နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ (သဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာအရှင်သုန္ဒရ ရှေ့မှောက်၌ ဖြစ်မြောက်ရေးအဖွဲ့ တာဝန်ခံ ကိုမျိုး(ဗုဒ္ဓဂယာ)သို့ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁)ဖြန့်ချိ

**ရန်ကုန် မတ် ၁၁**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃) အမှတ်(၁၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ "အယ်ဒီတာ့ဒိုင်ယာရီ"၊ ခမ်းနားလှပ နေပြည်တော်ညနှင့် အကယ်ဒမီရင်ခုန်သံ၊ မော်တော်ယာဉ် အရှိန်ပြင်းမောင်းနှင်လျှင် အချက်ပေးကိရိယာ မြန်မာအင်ဂျင်နီယာများ အောင်မြင်စွာတီထွင်နိုင်၊ ပြည်ပမျိုး ကြက်သားပေါက်များ တင်သွင်းခွင့် အချိန်အတိုင်းအတာ တစ်ခုအထိ ခေတ္တပိတ်ထားမည်၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံး၂၅ထပ် အဆောက်အအုံ ယခုနှစ်ကုန်ဖွင့်မည်၊ စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

### ဖြန့်ချိ

"ပရိမီယာရာသီကုန်ခါနီးချိန် ဘယ်သူက ဖလားပိုက်လို့ ဘယ်သူတွေတန်းဆင်းရမှာလဲ" အားကစားဆောင်းပါးနှင့်အတူ စီအိုင်အေအေးဂျင့် ဗယ်လာရီပလိမ်းအကြောင်း ရုပ်ရှင်ဖန်တီးရန်ရှိ၊ နှစ်ပေါင်း ၃၀ကျော်ပျောက်နေသော "ရုရှားစာသင်ခန်း" ပန်းချီကားပြန်တွေ့ပြီ၊ လဝန်းပြည့် လငပုပ်ဖမ်းခြင်းသုံးနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်၊ ရုရှားအမျိုးသမီး ကမ္ဘာလှည့်ဒြေနှစ်ဦးအား ထိုင်း၌ အသတ်ခံရမှု တရားခံဖော်ထုတ်နိုင် စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

## စတုဘုမ္မိက တရားစခန်းပွဲ

**ရန်ကုန် မတ် ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဖားကပ်စံပြကျေးရွာ စတုဘုမ္မိက ကျောင်းတိုက်တွင် ၎င်းတွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယကဘဒ္ဒန္တမုဒိတ(ဓမ္မကထိက)၊ ဘဒ္ဒန္တ ကုမာရ(သာသနဓဇ ဓမ္မာစရိယဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)နှင့် စတုဘုမ္မိကသာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့တို့က မတ် ၂၄ရက်မှ ၃၀ရက်အထိ တရားစခန်းဖွင့်မည်ဖြစ်ရာ ညတရားပွဲများတွင် ဘဒ္ဒန္တ သုန္ဒရ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) (သံတွဲ)တောင်ငူဆရာတော်၊ ဘဒ္ဒန္တ မဏ္ဍလ ကောလင်း(ကြို့ခုံ) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ရာ ယောဂီများ တစ်ရက်ကြိုတင် ရိပ်သာဝင်ကြရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# ရန်ကုန်တိုင်း၏ စီးပွားရေးအောင်မြင်ဖြစ်ထွန်းပါက နိုင်ငံတော်၏စီးပွားရေး အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ရာ စက်မှုလက်မှုလုပ်ငန်းရှင်များက ပါဝင်ပံ့ပိုး ကူညီပေး

ရန်ကုန် မတ် ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာစက်မှုမြို့ရှိ လှိုင်သာယာစက်မှုမြို့စီမံခန့်ခွဲမှုကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လှိုင်သာယာစက်မှုမြို့မှ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြောက်ပိုင်းခရိုင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ➪

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လှိုင်သာယာစက်မှုမြို့မှ စက်မှုလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# e-Government အခြေခံအဆောက်အအုံတစ်ခုအဖြစ် Data Center တစ်ခု တည်ဆောက်ခဲ့ Fiber လိုင်း၊ မြန်နှုန်းမြင့်လိုင်းတို့ဖြင့် အစိုးရဌာနများအကြား 100MB မြန်နှုန်းဖြင့်ချိတ်ဆက်သုံးစွဲနေ ပြည်သူများ ICT အသုံးချမှုစွမ်းရည်မြင့်မားရေး Public Access Center များ တိုးချဲ့တပ်ဆင်နေ

နေပြည်တော် မတ် ၁၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အွန်လိုင်းစာကြည့်တိုက်စနစ် e-Libraryနှင့် ခေတ်လူငယ် Youth Websiteဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး၊ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အမှာစကား ပြောကြားသည်။**






**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး၊ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကွန်ပျူတာနည်းပညာ အသုံးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

➪ e-Library **စနစ်သည်** Knowledge **ကို အခြေခံသော** Website **ဖြစ်ပြီး ခေတ်လူငယ်** Youth Website **မှာ** Information **ကိုအခြေခံသည့်** Webportal **ဖြစ်။**

➪ Contents **များကို နေ့စဉ်** Update **လုပ်နေမှာဖြစ်ပြီး ဗဟုသုတနှင့် သတင်းအချက်အလက်များအပြင်ဖျော်ဖြေရေးနှင့် အခြားဝန်ဆောင်မှုများကိုပါ ပေးနိုင်မည်ဖြစ်။**

➪ **သတင်းစာ၊ ဂျာနယ်များ ဖတ်နိုင်သကဲ့သို့ သီချင်းများလည်း နားထောင်နိုင်မည်ဖြစ်။**

အဆိုပါ အွန်လိုင်းစာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Website ဖွင့်ပွဲအခမ်းအနားကို ပြည်နယ်နှင့် တိုင်းအသီးသီးရှိ တက္ကသိုလ်များ၌လည်း တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပကြသည်။

နေပြည်တော်ရှိ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၌ ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ IT ကုမ္ပဏီများမှ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့** ❐